# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅၀)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၇ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူဘူတာအသစ်ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**❖ ဘူတာသစ်ဆောက်လုပ်ရာတွင်လည်း နောင်တစ်ချိန်တွင် ဖြစ်ပေါ်တိုးတက်လာနိုင်သည့်မီးရထားခရီးစဉ်များနှင့် ခရီးသွားဦးရေကို ကြိုတင်တွက်ဆ၍ တွက်ချက်တည်ဆောက်သွားရန်လိုပြီး မီးရထားစကြံမျာနှင့် မီးရထားယာဉ်ဝင်းများကိုလည်း စနစ်တကျတည်ဆောက်သွားရန်လို . . .**

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

## ဌာနဆိုင်ရာရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၆

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးဖြစ်ရာ တပ်မတော်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန်အတွက်ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍမြှင့်တင်ရန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ၊ **စာမျက်နှာ ၁၂ ကော်လံ ၁** ○



ဌာနဆိုင်ရာရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ရောက်ရှိစဉ်။

## မုတ်သုံလေအားကောင်းနေ

နေပြည်တော် ဇွန် ၆

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

**ဆောင်းပါး**

**မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့**

စာ - ၂၅ သို့

**ကျောင်းဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

စာ - ၁၃ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၇ ရက်)

## အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းလိမ်လည်မှုဆိုသည်မှာ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့်နည်းပညာအသုံးပြုသူတစ်ဦးဦး၏ငွေကြေး သို့မဟုတ် အဖိုးတန်ပစ္စည်းကို လှည့်ဖြားရယူခြင်းဖြစ်သည်။

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လွှမ်းမိုးလျက်ရှိသည့် ရှမ်းပြည်နယ်နန်းခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်းနှင့် မိုင်းလားအစရှိသည့် မြန်မာ-တရုတ်နယ်စပ်ဒေသများနှင့် ကရင်ပြည်နယ် ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် ဘုရားသုံးဆူအစရှိသည့် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကိုခြိမ်းခြောက်သော ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ်ကျူးလွန်သော ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည်။ အဆိုပါရာဇဝတ်မှုများမှထွက်ပေါ်လာသည့် ရလဒ်ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေကြရသည်။

ထို့ကြောင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ချုပ်ငြိမ်းပပျောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်း အွန်လိုင်းလောင်းကစားမှုပြုလုပ်သည့် အဆောက်အအုံများအား ဥပဒေနှင့်အညီဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများကို ပြင်းပြင်းထန်ထန်တိုက်ဖျက်လျက်ရှိသကဲ့သို့ ဥပဒေများထုတ်ပြန်ကာ ထိရောက်စွာအရေးယူမည်ဖြစ်သည်။ အများပြည်သူများသိရှိနိုင်စေရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကိုလည်း မေလ ၁၄ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြပေးထားသည်။ ဥပဒေနှင့်ပတ်သက်၍ ပြည်သူများ၏အကြံပြုစာများကိုလည်းဖိတ်ခေါ်ထားပြီး လွှတ်တော်နှစ်ရပ်တွင် ဆွေးနွေးပြီးပါက ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထားတိုက်ဖျက်လျက်ရှိရာ ဖမ်းဆီးရမိမှုများတွင် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ အများဆုံးဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၂၈ ရက်အထိ မြန်မာနိုင်ငံနယ်စပ်ဒေသများသို့ တရားမဝင်ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုများပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများပြုလုပ်ခြင်း၊ အနိုင်ခန်းနှင့် တရားမဝင် ပြည့်တန်ဆာလုပ်ငန်းများပြုလုပ်ခြင်းနှင့် စားသောက်ဆိုင်လုပ်ငန်းများစသည့် တရားမဝင်၊ အထောက်အထားမဲ့ဝင်ရောက်လာသူ နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့ကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါတရားမဝင်နိုင်ငံခြားသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှုကာ ပြည်တွင်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် တရားမဝင် ဝင်ရောက်လာသည့်နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့ကို နယ်စပ်ဂိတ်အသီးသီးနှင့် လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများလုပ်ကိုင်ခဲ့ကြသော နိုင်ငံခြားသားများအနက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၂၆ ရက်အထိ နိုင်ငံခြားသား ၁၄၆၈၅ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ရာ လက်ရှိတွင်လွှဲပြောင်းပေးအပ်ရန် နိုင်ငံခြားသား ၁၁၆၄ ဦးသာ ကျန်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုပပျောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း၌ အွန်လိုင်းလောင်းကစားပြုလုပ်သည့် အဆောက်အအုံများအများဆုံးတွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများကို ဥပဒေနှင့်အညီ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့သည်။ အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့်ပြည်သူများအနေဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါဒုစရိုက်မှုများကို ဆိုက်ဘာလုံခြုံရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသောလူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကိုထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများလုံးဝကင်းရှင်းတော့မည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်

မဟာအောင်မြေ ဇွန် ၆

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် တမာကုန်းဓမ္မာရုံ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရက် ၁၀၀ ကာလအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်လေး (ကျန်းမာပညာ)က ပတ်ဝန်းကျင်သန့်ရှင်းရေး အကြောင်းကိုလည်းကောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပွင့်ဦးအိမ်က ကျန်းမာသော လူနေမှုဘဝပုံစံများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဆရာမများက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် တီဘီရောဂါကာကွယ်ရေးအကြောင်းအရာများကိုလည်းကောင်း အသီးသီးဟောပြောသည်။

ဆက်လက်၍ ကျန်းမာရေးအသိပညာပေးအခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်နေပြည်သူ စုစုပေါင်း ၁၅၇ ဦးအား ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင်များနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၂)

# ညောင်ဦးမြို့နယ်၌ ဆိုလာ 140 KW တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး ကျေးလက်မြစ်ရေတင် သောက်သုံးရေပေးဝေရေးလုပ်ငန်း စက်စက်ယိုရေပိုက်လိုင်းရှိ လက်ပံတဲရေစက်ရုံ၌ ကျေးရွာများသို့ ရေဖြန့်ဝေပေးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက လက်ပံတဲရေစက်ရုံ၌ ကျေးရွာများသို့ ရေဖြန့်ဝေပေးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆိုလာ 140 KW တပ်ဆင်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ညောင်ဦးမြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေပေးဝေလျက်ရှိသော လက်ပံတဲရေစက်ရုံ၌ ဆိုလာ 140 KW တပ်ဆင်ခြင်းလုပ်ငန်းကို Plan International Myanmar အဖွဲ့၏ အကူအညီဖြင့် ဌာနမှပူးပေါင်း၍ မေလ ၂၆ ရက်မှစတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## MWD Variety Channel

၇-၆-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၉:၂၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၆-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ကေ ၅၅၀ ကျော် စိုက်ပျိုးမည်



ကျွန်းလှ ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ကေ ၅၅၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ စပါးအပြင် သီးနှံမျိုးစုံကို တစ်နှစ်ပတ်လုံး ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေတင်စနစ်တွေနဲ့ စိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီမှာ ဟင်းသီးဟင်းရွက်မျိုးစုံ ၅၅၉ ကေ စိုက်ပျိုးဖို့ လျာထားပြီး လက်ရှိမှာ တောင်သူတွေ ပျိုးထောင်စိုက်ပျိုးနေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ဓာတုကင်းလွတ်သီးနှံများ ထွက်ရှိရေး၊ သဘာဝအားဆေး၊ သဘာဝမြေသြဇာနှင့် ပိုးသတ်ဆေး၊ ပိုးနှင်ဆေး ပြုလုပ်သုံးစွဲရေး ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်၊ သခွား၊ ရွှေဖရုံ၊ ခရမ်း၊ ခရမ်းချဉ်၊ ပဲတောင့်ရှည်၊ ခဝဲ၊ ရုံးပတီ၊ ဖူးစားပြောင်း စသည်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ကေပန်းတိုင်အထွက်နှုန်းရရှိရန် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက နိုင်ငံအတွင်း၌ စားသုံးမှုဖူလုံစေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက သီးနှံဈေးနှုန်းများတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဂန့်ဂေါ ဇွန် ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၆ ရက်တွင် ဂန့်ဂေါမြို့ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုးရာသီ၌ ပိုးလောက်လမ်းမှတစ်ဆင့် ခြင်ပေါက်ပွားမှုများပြားလာနိုင်သဖြင့် ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ တာယာဟောင်းများ၊ ရေပုံး၊ ရေအိုးများ၊ ပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတိုင်ကီ၊ ကျောက်စည်ပိုင်းများနှင့် အုတ်ရေကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်ပေးပြီး သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်ကော်မတီဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ မှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်း ဖွင့်လှစ်




မော်လမြိုင်ကျွန်း ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တောင်သူများ ဝင်ငွေတိုးပွားစေရေးနှင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်အထိ မှိုစိုက်ပျိုးထုတ်လုပ်နိုင်စေရေး ရည်ရွယ်၍ ဇွန်လ ၅ ရက်က မှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်း ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်စေရေး မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာန်ကျော်ဝင်းက မှိုစိုက်ပျိုးထုတ်လုပ်ခြင်း၏အကျိုးကျေးဇူးများ၊ မှိုမျိုးစေ့ပြင်ဆင်နည်း၊ မှိုစိုက်ထုပ်ပြုလုပ်နည်းနှင့် မှိုစိုက်ပျိုးထုတ်လုပ်နည်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိတို့က တောင်သူများထံ မှိုမျိုးထုပ်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် မှိုစိုက်ပျိုးထုတ်လုပ်နည်း၊ မှိုမျိုးစေ့ပြင်ဆင်နည်းနှင့် စိုက်ပျိုးထိန်းသိမ်းနည်းများကို လက်တွေ့သရုပ်ပြသင်ကြားပေးကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မျိုးစေ့ထုတ်စိုက်ခင်းများနှင့် စံပြကွက်များအတွက် မျိုးစေ့နှင့်သွင်းအားစုများပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး စုဝေးခန်းမ၌ မျိုးစေ့ထုတ်စိုက်ခင်းများနှင့် စံပြကွက်များအတွက် မျိုးစေ့နှင့်သွင်းအားစုများပေးအပ်ပွဲကို ဇွန်လ ၅ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် အဓိကသီးနှံ ၁၄ မျိုးအနက် ကျောက်ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးထားသည့် သီးနှံ ရှစ်မျိုးကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများနှင့်တောင်သူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်ပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က စိုက်ပျိုးသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အထောက်အကူဖြစ်စေရန် ယခုကဲ့သို့ သွင်းအားစုများပံ့ပိုးပေးခြင်းဖြစ်ကြောင်းနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မြေပဲမျိုးစေ့ထုတ်စိုက်ခင်းနှင့် မြေပဲပန်းတိုင်စံပြကွက်အတွက် ကျောက်မှုန့်မြေသြဇာများ၊ နှမ်းမျိုးစေ့ထုတ်စိုက်ခင်းနှင့် နှမ်းပန်းတိုင်စံပြကွက်အတွက် ယူရီးယားဓာတ်မြေသြဇာများ၊ ပဲစင်းငုံမျိုးစေ့ထုတ်စိုက်ခင်းနှင့် ပဲစင်းငုံပန်းတိုင်စံပြကွက်အတွက် ယူရီးယားဓာတ်မြေသြဇာများနှင့် စပါးမျိုးစေ့၊ နေကြာမျိုးစေ့များကို သက်ဆိုင်ရာတောင်သူများ လက်ဝယ်အရောက် ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်နှင့် မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ ကျောက်ပန်းတောင်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ကြက်သွန်နီတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

မြဝတီ ကာတွန်း



# ကမ္ဘဖလ

တင့်တယ်

> **"ဦးဒေါနတို့ သားအဖအား ကယ်တင်ခဲ့ပြီးသည့်နောက် ကျွန်ုပ်နှင့် ကျွန်ုပ်လက်စားချေရန် တစ်သက်လုံးကြိုးပမ်းလာခဲ့သော ဆွေမျိုးတစ်စုတို့ ပြန်ပေါင်းထုပ်မိကြကာ ဖက်လဲတကင်း သင့်ကြပုံများကို အသေးစိတ်ရေးလို၏။ သို့သော် ကျွန်ုပ်တွင် အချိန်မရတော့၊ မကြာမီပင် ကြိုးဒဏ်မှ လွတ်ရန်တင်ထားသော အသနားခံစာ၏ အရှုံးအမြတ်ကို ကြားသိရပေတော့မည်ဖြစ်ရာ အသနားခံစာတင်ရာတွင် အရာမထင်ဖြစ်ရပါက အလွန်ဆုံး ခုနစ်ရက်သာ အသက်တာ ရှည်တော့မည်ဖြစ်သောကြောင့် ကျွန်ုပ်၏ ဤဖြစ်စဉ်မှတ်တမ်းကို နေ့မအား၊ ညမအားရေးရပေတော့မည်။ ဤသို့ နေ့မအား၊ ညမအား ရေးသည့်တိုင်အောင် ရေးစရာတွေရှိတိုင်းသာ ရေးရမည်ဆိုပါက အနည်းဆုံး နောက်တစ်လခန့်ကြာအောင် ဆက်၍ရေးရမည်ဖြစ်သဖြင့် ကျွန်ုပ်၏ ဤဖြစ်စဉ်သမိုင်းကို ရှေ့ပိုင်းမှာကဲ့သို့ အနုစိတ်မရေးသာတော့ဘဲ အရေးကြီးဆုံးအကွက်များကိုသာ ကောက်၍ရေးရပေတော့မည် . . ."**

**ယမန်နေ့မှအဆက်**

မောင်ညိမ်းအောင်ကလည်း ထိပ်ပြဲနေသော အနာကိုလက်ဖြင့်စမ်းရင်း "ပိုက်ဆံဘယ်လောက်ပဲကုန်ရကုန်ရဗျာ ကိုကံကောင်းကြံပေးစမ်းပါဗျာ" ဟု ခယသောလေသံဖြင့်ပြော၏။ ကျွန်ုပ်လည်း မောင်ညိမ်းအောင်အား "ဒါတွေ ခဏထားပါဦးလေ၊ ပိုက်ဆံလည်း ကုန်ချင်မှကုန်မှာပါ၊ ဖြစ်ပျက်ပုံကိုသာ ကျကျနနပြောစမ်းပါဦး၊ ဒါမှ ကျွန်တော်လည်း ကြံဖန်ပေးနိုင်မှာ ကိုညိမ်းရဲ့"ဟု ပြောရ၏။ ရင်ထဲ၌ကား သေသော်မှ အဆိပ်ကိုမစွန့်သော မြွေဆိုးပမာ ဂျပန်လက်ထဲ၌ ခေါင်းဖြတ်ခံရမည့် ရေဒီယိုဘတ်သီးတွေ့မှုကို ပိုက်ဆံအားကိုးနှင့် ပြောတုန်းပင်ရှိနေသေးသော မောင်ညိမ်းအောင်ကိုရယ်မိရင်း "ကိုယ့်လူ … ဒီအမှုမျိုးက ငွေပေးပေမယ့်သက်သာတဲ့ဟာမျိုးမဟုတ်ဘူး ကိုရင်ရဲ့။ မင်းမာနထောင်ခဲ့တဲ့ ပိုက်ဆံတွေက မင့်ကိုကယ်နိုင်သေးရဲ့လားကွာ၊ ဟား ဟား …"ဟု အသံမထွက်ဘဲ အသည်းနှလုံးတို့က သရော်ကြပြန်ပေသည်။

ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့က အဖြစ်မှန်ကို ယခင်နည်းတူပင် ပြောပြကြ၏။ ထို့ပြင် သူတို့၏ ရေဒီယိုကိုလည်း ရန်ကုန်မှ တနင်္သာရီဘက်သို့ ထွက်မလာမီ ဂျပန်တပ်သို့ အပ်ခဲ့ကြောင်းကိုလည်း ပြောပြကြ၏။ သူတို့စကားဆုံးသောအခါ အမိုက "ဖေဖေနဲ့ ကိုကိုတို့ပြောတဲ့အတိုင်း အမှန်ပါပဲရှင်၊ တစ်ခွန်းမှ လိမ်တာမပါပါဘူး။ ဂျပန်တွေလာပြီး ရှာတုန်းဖွေတုန်းက ဒီအတိုင်းပြောတာပဲရှင် မယုံကြဘူး ဗိုလ် … အဲ … ကိုကံကောင်းတတ်နိုင်သမျှ ကြိုးစားပေးပါဦးရှင်" ဟု ဝင်၍ထောက်ထောက်ခံခံ သနားစဖွယ်ပြော၏။ အမိုး၏ ပျော့ပျောင်းလှသော လေသံကလေးသည် ကျွန်ုပ်စိတ်နှလုံးကို ယူကျုံးမရဖြစ်စေလေတော့သည်။

ဤတွင် ကျွန်ုပ်က "နို့ ရေဒီယိုကို ဂျပန်တပ်မှာ အပ်ပစ်ခဲ့ရတော့ အပ်တဲ့အကြောင်း လက်မှတ်ထုတ်ပေးထားတာများ မရှိဘူးလား၊ ရေဒီယိုကို အပ်ရင် ဂျပန်တပ်က လက်မှတ်ပြန်ပေးရတယ်" ဟု မေးလိုက်ရာ အမိုက "ကျွန်မတို့တော့ မရခဲ့ပါဘူးရှင်"ဟု အဆိုတွင် မောင်ညိမ်းအောင်က "ကျွန်တော်ကိုယ်တိုင်သွားပြီး အပ်တာပဲဗျ ကိုကံကောင်းရဲ့၊ ဒါပေမဲ့ … ဘာလက်မှတ်မှ ထုတ်မပေးလိုက်ဘူး" ဟု ဝင်ထောက်လိုက်သဖြင့် သူတို့၏ ရေဒီယိုကို အဘယ်ဂျပန်မသိ အချောင်ဝင်၍ အုပ်သွားပြီဟူသောအချက်ကို သိရ၏။

စင်စစ်၌ ဂျပန်များ ရေဒီယိုသိမ်းသည်ဆိုခြင်းမှာ လှိုင်းတိုဖြင့်လွှင့်သော အိန္ဒိယသီဟိုဠ်မှ အင်္ဂလိပ်ဝါဒဖြန့် အသံများကို ဖမ်းမရအောင် ရေဒီယိုကိုပြုပြင်၍ ပြန်ပေးရ၏။ လုံးဝမသိမ်းရပေ။ အခု ဦးဒေါနတို့၏ ရေဒီယိုမှာမူ ပိုက်ဆံဝါလားပီပီ ရေဒီယိုမျိုးကောင်းကိုကိုင်ရာ၌ ဂျပန်တစ်ယောက်ယောက်က မျက်စိကျ၍ ကလေးကိုမြင်ရသည့်အချိန်ကစ၍ အဘိုး၏ ပစ္စည်းထုထည်ကိုရဖို့ ရည်ရွယ်ချက်အပြင် အမိုကိုပါအရ ချိုင်ချင်သောစိတ်ကလည်း ပွားများလာ၍ နေပေသည်။ ထို့ကြောင့် နောင်အခါမှ သင်းတို့က ဆေးဖော်ကြောဖက်မလုပ်လျှင် ရှိစေတော့ တစ်နည်းတစ်ဖုံကြံစည်မည်။ ယခုအတိုင်း အခြေအနေတွင် သင်းတို့သားအဖကို ကယ်ဆယ်လိုက်ပါက အကယ်၍ သူတို့နှင့် ပြန်လည်ရင်းနှီးကာ ချဉ်းကပ်နိုင်ခဲ့ပါသော် ကျွန်ုပ်မှာ ပစ္စည်းထုပ်ကြီးကို ရဖို့သာမက ကျွန်ုပ်မေတ္တာ သက်ဝင်နေမိပြီဖြစ်သော အမိုနှင့်ပင် နီးစပ်ရဖို့လမ်းအခွင့်ပင်လျှင် ပေါ်ဦးမည်ဖြစ်သောကြောင့် ပွင့်တော်မူပြီးသော ဂေါတမအရှင်ပင် ယသောရော၏ ခန်းဆောင်သို့ကြွကာ တရားဓမ္မဟောကြားတော်မူလေသေးရာ ကျွန်ုပ်ကဲ့သို့သော အနုညာတမှာ ခေးမကြီးပွဲပွဲကွာ … ဟူသော ပုထုဇဉ်ထဲကဖြစ်သည့်အတိုင်း အလစ်တွင် အပြီးအပိုင် ဘုံးလိုက်ခြင်း ဖြစ်ပါတော့၏။ ထို့ကြောင့် ရေဒီယိုကို ပြန်၍ရွေးရန်ပေးရစမြဲဖြစ်သော လက်မှတ်ကို မပေးလိုက်ခြင်းပင်ဖြစ်ရပေမည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကား အမို သင်းတို့အား လောလောဆယ် လက်စားချေဖို့ထက် တစ်ချက်ခုတ် သုံးချက်ပြတ် လက်စားချေရန်သာလျှင် စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်လိုက်၏။

ထို့နောက် ကျွန်ုပ်သည် ကီမူရာအား ဝင်၍ အကျိုးအကြောင်း ပြောပြ၏။ ကီမူရာမှာ ကျွန်ုပ်အား ယုံကြည်ရင်းစွဲရှိပြီးဖြစ်ရာ အမှုအသွားကို သေသေချာချာပင် ရေးမှတ်၍ယူ၏။ သို့သော် သာမန်စစ်တပ်ဘက်မှ ကင်ပေတိုင်စစ်ရဲတို့ လုပ်ငန်းကို ဝင်၍စွက်ဖက်နိုင်ခွင့်မရှိသောကြောင့် အကျပ်ကြုံနေပြန်၏။ ဤတွင် ကျွန်ုပ်လည်း အမိုတို့ထံမှ သူတို့၏ရေဒီယိုနံပါတ်ကိုတောင်းကာ ကီမူရာ၏စာနှင့်အတူ ရန်ကုန်သို့တက်ခဲ့ရ၏။ ကီမူရာ၏ စာကြောင့် ကျွန်ုပ်မှာ ရန်ကုန်တစ်ဝိုက်ရှိ ဂျပန်တို့၏ရေဒီယိုများကို လိုက်လံ၍ နံပါတ်ချင်း တိုက်ဆိုင်ကြည့်ခွင့်ရပေရာ၊ နောက်ဆုံး၌ ကမာရွတ် လှည်းတန်းက မိန်းမထိန်းအိမ်တစ်အိမ်တွင် စတည်းချနေသော ဂျပန်တပ်ကြပ်တစ်ယောက်သည် ထိုအိမ်၌ ဦးဒေါနတို့၏ရေဒီယိုဖြင့် အခန့်သားဖြစ်နေသည်ကိုတွေ့ရ၏။ ကျွန်ုပ်လည်း ထိုရေဒီယိုကို ကုက္ကိုင်းလမ်းမှ ကင်ပေတိုင်တစ်ယောက်နှင့်သွား၍နောက်တစ်ကြိမ် နံပါတ်တိုက်ပြီးနောက် ဦးဒေါနတို့၏ ရေဒီယိုကို ဂျပန်တို့အား တကယ်အပ်ပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ကင်ပေတိုင်ဗိုလ်ထံမှ တံဆိပ်ရိုက်၍တောင်းယူခဲ့ရ၏။

ထိုလက်မှတ်ကိုရသောအခါမှာမှ ကီမူရာသည် မော်လမြိုင် ကင်ပေတိုင်ဗိုလ်ထံ အကျိုးအကြောင်း စာရေးလိုက်ရာ ဦးဒေါနနှင့် မောင်ညိမ်းအောင်တို့မှာ တစ်လခန့် အချုပ်ခံနေရပြီးမှ လွတ်မြောက်ခွင့်ရကြပေသည်။ သို့တိုင်အောင် ကီမူရာနှင့် ကင်ပေတိုင်တို့အား ရွှေဒင်္ဂါးဆယ်ပြားစီ ပူဇော်ရလေသေးသည်။ ရွှေဒင်္ဂါးအပြားနှစ်ဆယ်ကား သူတို့အဖို့၌ ထမင်းကြမ်းခဲကို ခွေးကျွေးသလောက်သာ ထိခိုက်ပေသည်။

ဤသည်ကား ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဉာတိ ကိုလူကျော်များ ၁၅ နှစ် ကာလခြားပြီးမှ ပြန်လည်တွေ့ဆုံကြရပုံပင်ဖြစ်၏။ သင်းတို့တစ်တွေနှင့် ကြုံရပြီးသည့်နောက်တွင် ကျွန်ုပ်၌ခြေလှမ်းကြီးသုံးရပ်ကို လှမ်းရန်အသင့်ပြင်ထားရ၏။ ပထမခြေလှမ်းမှာ သင်းတို့ ဆွေမျိုးတစ်စုနှင့် ချစ်ကျွမ်းဝင်၍ အတွင်းရေး၊ အပြင်ရေးတို့ကို အားလုံးသိနိုင်သမျှ သိရဖို့ဖြစ်၏။ ဒုတိယခြေလှမ်းမှာကား အမိုတစ်ယောက်မှအပ တခြားသောသူတို့ကို အဘိုးဦးနကီ၏ အမွေဟူသမျှ ခံစားရမည့်သူမှန်ပါက လျှို့ဝှက်စွာ ကိစ္စတုံးအဆုံးစီရင်သတ်ဖြတ်ပစ်ရန်ဖြစ်၏။ တတိယရည်ရွယ်ချက်မှာကား အမိုကို အနုနည်းဖြင့်မရသော် အကြမ်းနည်းကို သုံးရစေကာမူ မရအရယူ၍ အဘိုးဦးနကီ၏ပစ္စည်းပုံပေါ်တွင် သူဌေးကြီး အမည်ခံလျက် ခံစားဖို့ပင်ဖြစ်ပေသည်။ ကျွန်ုပ်အား အကြံပက်စက်သည်ဟုဆိုချင်ကဆိုကြပေမည်။ သို့သော် ကျွန်ုပ် ခံစားခဲ့ရသော ဒုက္ခတို့၏အကြောင်းကို ပြန်၍ထောက်လိုက်ပါက ကျွန်ုပ်အား အပြစ်တင်လိုမှတင်ကြပေမည်။ သဘောအတိုင်းပင် … ။

■ ■ ■ ■ ■

## ရန်သူအသစ်တစ်ဦး

ဦးဒေါနတို့ သားအဖအား ကယ်တင်ခဲ့ပြီးသည့်နောက် ကျွန်ုပ်နှင့် ကျွန်ုပ်လက်စားချေရန် တစ်သက်လုံးကြိုးပမ်းလာခဲ့သော ဆွေမျိုးတစ်စုတို့ ပြန်ပေါင်းထုပ်မိကြကာ ဖက်လဲတကင်း သင့်ကြပုံများကို အသေးစိတ်ရေးလို၏။ သို့သော် ကျွန်ုပ်တွင် အချိန်မရတော့၊ မကြာမီပင် ကြိုးဒဏ်မှ လွတ်ရန်တင်ထားသော အသနားခံစာ၏အရှုံးအမြတ်ကို ကြားသိရပေတော့မည်ဖြစ်ရာ အသနားခံစာတင်ရာတွင် အရာမထင်ဖြစ်ရပါက အလွန်ဆုံး ခုနစ်ရက်သာ အသက်တာရှည်တော့မည်ဖြစ်သောကြောင့် ကျွန်ုပ်၏ ဤဖြစ်စဉ်မှတ်တမ်းကို နေ့မအား၊ ညမအားရေးရပေတော့မည်။ ဤသို့ နေ့မအား၊ ညမအား ရေးသည့်တိုင်အောင် ရေးစရာတွေရှိတိုင်းသာ ရေးရမည်ဆိုပါက အနည်းဆုံး နောက်တစ်လခန့်ကြာအောင် ဆက်၍ရေးရမည်ဖြစ်သဖြင့် ကျွန်ုပ်၏ ဤဖြစ်စဉ်သမိုင်းကို ရှေ့ပိုင်းမှာကဲ့သို့ အနုစိတ်မရေးသာတော့ဘဲ အရေးကြီးဆုံးအကွက်များကိုသာ ကောက်၍ရေးရပေတော့မည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၆

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုရရှိသည့် ကျောင်းများ၊ ၂၀၂၅-၂၀၂၆ ခုနှစ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့ဆု၊ ကျေးရွာဆု၊ စက်ရုံဆု၊ လုပ်ငန်းဆုနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ရိုက်ကူးထားသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ A Global Call for Climate Action ဆောင်ပုဒ်အတွက် 




မှတ်တမ်းဗီဒီယိုတို့ကိုပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ပြသထားသည်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ချမ်းမြေ့**

➤ ကျောဖုံးမှအဆက်

ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားမှုတို့ကို လိုက်လံကြည့်ရှုမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုဆေးရုံအား ခုတင်-၃၀၀ အဆင့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားအခြေခံလိုအပ်ချက်နှင့် အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံပတ်ဝန်းကျင်အတွင်း သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိခဲ့သော တပ်မတော်သားများအား တစ်ဦးချင်းလိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်သမ္မတ၏ ဇနီးနှင့်အဖွဲ့ဝင်များသည်လည်း ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းလိုက်လံကြည့်ရှုမေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်သမ္မတကဆေးရုံအတွက်လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။

# အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး၊ ရမည်းသင်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၆

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး၌ ရမည်းသင်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့ရှိအမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံမှထုတ်လုပ်သည့် ချည်မျှင်များသည် ဈေးကွက်ရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေးကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။




**မြဝတီ**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်သင်ကြားလျက်ရှိသည့် နိုင်ငံ့သားကောင်းသင်တန်းသားများအား သွားရောက်တွေ့ဆုံ



အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

နေပြည်တော် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ စားရိပ်သာ၊ အိပ်ဆောင်များ၊ သန့်စင်ခန်းများ၊ စာကြည့်တိုက်နှင့် ဆံသဆိုင်များအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ထန်းတပင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပရွက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၉ ပါးနှင့် ဒေသခံပြည်သူ ၁၂၉ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝါးတန်းမြောက်ရပ်ရှိ စစ်ကိုင်းလမ်းဓမ္မဗိမာန်တော်ကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် ၅၈ ပါးနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးလေဝသ သတင်း




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်သားမြို့နယ်၌ စာဖတ်ရိုန်မြှင့်တင်ရေးအတွက် စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



မြစ်သား ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ပြပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားပြီး ဘဝတိုးတက်အောင်မြင်မှုရရှိလာနိုင်ပုံများအပြင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတများစွာရရှိ၍ အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး၊ မြေပြိုဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနှင့် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# မိုင်းရယ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

မိုင်းရယ် ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ဥပဒေရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မန်ပုံကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်က လူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ သိထားသင့်သည့် လူကုန်ကူးမှုအန္တရာယ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိဦးတေဇာထက်အောင်က ဥပဒေအရ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာနိုင်သည့်ရောဂါများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်မာဆွေက ကျောင်းသားလူငယ်များ စာဖတ်ခြင်းအကျိုးကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခမ်းမိုက လူငယ်နှင့် အားကစားအကြောင်းကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခမ်းမိုက အားကစားပစ္စည်းများကို ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်းသိရသည်။

မိုင်းရယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့် ဗုဒ္ဓဝံသဝိသုကုမာရီဘွဲ့၊ ဗုဒ္ဓဝံသဗဟုသုတဓရဘွဲ့ရ ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



**တောင်ကြီး ဇွန် ၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့် ဗုဒ္ဓဝံသဝိသုကုမာရီဘွဲ့၊ ဗုဒ္ဓဝံသဗဟုသုတဓရဘွဲ့ရ ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဆုရရှိသူများအားဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သုတစုံလင်ဗုဒ္ဓဝင် ဒုတိယဥက္ကဋ္ဌ ဆရာတော် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဝါယာလက်စာသင်တိုက်မှ ဒေါက်တာဘဒ္ဒန္တသုဇနက သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲနှင့်စပ်လျဉ်း၍ မိန့်ကြားတော်မူသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားကာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက ဖြေဆိုပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် ပြည်နယ်အဆင့် အောင်မြင်သူ ၄၃ ဦး ကိုယ်စား ကျောင်းသူနှစ်ဦးနှင့်ဗုဒ္ဓဝံသဝိသာရဒ ဘွဲ့ရရှိသူများ၊ မူလတန်းအဆင့် စတုတ္ထဆုရှင် မောင်သူရိန်လင်း၊ ပထမဆုရှင် မအိမ့်ချစ်သူနှင့် ဗုဒ္ဓစာပေများကိုသင်ကြားပြသပေးသော သီလရှင်ဆရာကြီး ဒေါ်ကေသရဉာဏီတို့ကို ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ကြသည်။

ယင်းနောက်ပထမဆုရှင်မအိမ့်ချစ်သူက ကျေးဇူးတင်စကားလျှောက်ထားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကြက်ခြေနီအသင်းခွဲ ရုံးသစ်ဖွင့်ပွဲနှင့် "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှု မျှဝေခြင်း" အခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၆**

ကြက်ခြေနီအသင်းခွဲ ရုံးသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြက်ခြေနီအသင်းခွဲ ရုံးသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး သာကေတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကြက်ခြေနီတေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ချီကျိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က ကြက်ခြေနီအသင်းခွဲရုံးသစ်အဆောက်အအုံအား သာကေတမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြက်ခြေနီအသင်းခွဲ ရုံးအဆောက်အအုံအတွက် လိုအပ်သောပစ္စည်းများလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်မြို့ မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှုမျှဝေခြင်း" အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia က အမှာစကားပြောကြားပြီး "မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်း အတူတကွဖော်ဆောင်မှုမျှဝေခြင်း" အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူအသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်

မြန်မာနိုင်ငံသည် နေရောင်ခြည်ကို ပေါကြွယ်ဝစွာရရှိနေသော်လည်း နေရောင်ခြည်စွမ်းအင်အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မှုပမာဏသည် နည်းပါးလျက်ရှိနေပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်ယူနိုင်ရေးတွန်းအားပေးဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့်အချိုးအစားဖြင့် ဆိုလာစနစ်အားထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ဆိုလာစနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးဟူ၍ နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိနေပါသည်။

ယင်းသို့ဆောင်ရွက်ရာ၌ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာအခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများ၊ စီမံကိန်းများသည် လျင်မြန်စွာအကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန်ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန်နှင့် ဆွေးနွေးလိုသည့်ခေါင်းစဉ်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး<br>
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>
ကွပ်ကဲရေးဦးစီးဌာန<br>
၀၉ ၄၃၀၁၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁<br>
dgdptsc2021@gmail.com

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၄˚c |
| ရန်ကုန် | ၂၄˚c | / | ၃၀˚c |
| မန္တလေး | ၂၈˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ထူးခြားသည့်နေ့အပူချိန်များ

၆-၆-၂၀၂၆

| | | | | |
|---|---|---|---|---|
| မြင်းခြံ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# လက်တွေ့အသုံးချ ဆေးနည်းတို (ဆေးမြီးတို) များ

**ဆရာရှင့်၊ ညဘက်မျက်စိက မျက်ဝတ်တွေ မနက်တိုင်းလိုလိုထွက်ပြီး ရဲနေလို့ပါရှင့်။ ကြည့်လို့တော့ ကောင်းပါတယ်။ နာခြင်း၊ အောင့်ခြင်းတော့မရှိပါ။**

အထက်အပူကန်လို့ပါ။ မိုးရေထဲသွားပြီး ခြေထောက်ရေစိုရင်လည်း ဖြစ်တတ်ပါတယ်။ ညအိပ်ရာဝင်ခါနီး ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးပါ။ မနက်အိပ်ရာထ မျက်နှာမသစ်မီ ရေတစ်ခွက်သောက်ပါ။ မန်ကျည်းခေါက်ကို ဆားအနည်းငယ်နဲ့သွေးပြီး မျက်စိကွင်းပေးပါ။

**မျောက်ကျောက်ရောဂါကိုကာကွယ်ဖို့ တိုင်းရင်းဆေးပင် ဆေးရွက်များရှိပါသလားဆရာ။ ရှေးက မြန်မာဆရာကြီးတွေ ကျောက်ရောဂါကုတယ်ဆိုတာ ကြားဖူးလို့ပါ။**

မျောက်ကျောက်ရောဂါဆိုတာ ကျောက်ကြီးရောဂါရဲ့အဆက်အနွယ်ပါ။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရခင်က အကြီးအကျယ်ဖြစ်ဖူးတဲ့ကူးစက်ရောဂါပါ။ လူသေရင်သေ၊ မသေရင်တောင် မျက်နှာတစ်ခုလုံး ကျောက်ပေါက်မာတွေနဲ့ သေရာပါရုပ်ဆိုးစေတဲ့ ကပ်ရောဂါဆိုးကြီးပါ။ တစ်ကမ္ဘာလုံး ကျောက်ရောဂါဖြစ်ပြီးမှ ကျောက်ရောဂါကာကွယ်ဆေးပေါ်လာပါတယ်။ စာရေးသူတို့ငယ်ငယ်က ပခုံးမှာ အပ်လေးနဲ့ခြစ်ပြီး ကျောက်ဆေးထိုးရတာ၊ ကျောင်းတွေမှာလိုက်ထိုးပေးတာ၊ ထိုးပြီးသုံးရက်လောက်ဖျားတာ အခုထိမှတ်မိနေပါသေးတယ်။ လက်မောင်းရင်းမှာလည်း ဆေးထိုးရာအမာရွတ် ကျန်ခဲ့ပါသေးတယ်။ ကျောက်ရောဂါကာကွယ်ဆေးမပေါ်ခင်က ရှေးမြန်မာဆရာကြီးများကလည်း အပင်အရွက်တွေနဲ့ ကျောက်ရောဂါကို ကုသပေးခဲ့ကြပါတယ်။ အဓိကဆေးဖက်ဝင်တဲ့အပင်ကတော့ မိုးနံ့ပင်ပဲဖြစ်ပါတယ်။ ကျောက်ရောဂါဖြစ်ရင် မိုးနံ့ရွက်ကိုထောင်းပြီး အရည်ညှစ်တိုက်ပါတယ်။ မိုးနံ့ရွက်ပြုတ်ရည်နဲ့ ရေချိုးပါတယ်။ ကျောက်ပေါက်အနာပြည်တည်ရင်တောင် ပြည်ဖုလေးတွေကို မိုးနံ့ဆူးနဲ့ဖောက်ပြီး ပြည်ညှစ်ပေးကြပါတယ်။ စာရေးသူရဲ့အဘွားကတော့ သူ့သားသမီးတွေကို မိုးနံ့ရွက်ဟင်းချို နေ့စဉ်ချက်တိုက်ခဲ့လို့ ကျောက်ရောဂါကူးစက်မခံရဘူးလို့ ပြောဖူးပါတယ်။ စာရေးသူတို့ တိုင်းရင်းဆေးသိပ္ပံ မန္တလေးတောင်ခြေမှာတက်တော့ ကျောင်းအုပ်ဆရာကြီး ဦးဟန်ထွန်းက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်မှာကျင်းပတဲ့ ပထမဆုံး တိုင်းရင်းဆေးသမားတော်များညီလာခံမှာ တင်သွင်းခဲ့တဲ့ စာတမ်းက ကျောက်တို့သခင် မိုးနံ့ပင်ဆိုတဲ့ ကျောက်ရောဂါကုထုံးစာတမ်းဖြစ်ပါတယ်။

**သမီးက ညနေဆို မြေအိုးလေးနဲ့ မန်ကျည်း၊ ထန်းလျက်၊ ဆားလှော်လေးစိမ်ပြီး အပေါ်အရည်လေးကို တစ်နေ့ မတ်ခွက်နှစ်ခွက်လောက် သောက်ဖြစ်ပါတယ်။ သောက်ပြီးရင် ဝမ်းနှစ်ခါလောက်သွားပါတယ်။ နေ့တိုင်းသောက်ဖြစ်နေလို့ အစာအိမ်နဲ့အူတွေကို ဆိုးကျိုးဖြစ်နိုင်ပါသလားဆရာ။ နေ့တိုင်းသောက်လို့သင့်၊ မသင့် ညွှန်ပြပေးပါဆရာကြီးရှင့်။**

သောက်လို့ရပါတယ်။ မန်ကျည်းဖျော်ရည်က ဝမ်းပျော့စေပြီး အပူအပုပ်လည်းကင်းစင်စေပါတယ်။ ဝမ်းအပူငြိမ်းစေပြီး အူမကြီးကိုလည်း သန့်စင်စေပါတယ်။ ဝမ်းလွယ်တဲ့အတွက် နေ့စဉ်သောက်မယ်ဆိုရင် တခြားဝမ်းလွယ်တဲ့အစားအစာစားတဲ့နေ့ဆိုရင်တော့ သတိထားသောက်ဖို့လိုပါတယ်။ ဥပမာ- ချဉ်ပေါင်ဟင်း၊ ပဲကြီးဟင်း စတာတွေစားထားရင် မသောက်ပါနဲ့။ ညနေ၊ ညကလွဲလို့ မနက်၊ နေ့လယ် အစာနဲ့နီးတဲ့အချိန်မှာ မန်ကျည်းဖျော်ရည်မသောက်ရပါ။

**လေးစားအပ်ပါသော ဆရာကြီးရှင့်။ ကျွန်မက ဆီးခဏခဏသွားပါတယ်။ လေးနှစ်ကျော်လောက်ရှိပါပြီ။ ဆီးချိုလည်း စစ်ဆေးကြည့်တာ မရှိပါဘူး။ ကျွန်မဆီးသွားပြီးလည်း ၁၀ မိနစ်ကြာရင် ထပ်သွားချင်ပါတယ်။ အလုပ်ကိစ္စတွေ၊ လူမှုရေးကိစ္စတွေနဲ့ကျ အရမ်းမျက်နှာပူရပါတယ်။ မိနစ် ၃၀ ထက်ပိုမအောင့်နိုင်ပါဘူး။ ကျွန်မရဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခအတွက် ဆောင်ရန်၊ ရှောင်ရန်လေး ပြောပြပေးဖို့ တောင်းဆိုပါတယ်။ အသက် ၃၀ အိမ်ထောင်မရှိပါ။ မွေ့တာမှန်ပါတယ်။ ရန်ကုန်မြို့ကပါ။ ကျေးဇူးအထူးတင်ပါတယ်။**

ဆီးလွန်ရောဂါဖြစ်နေတာပါ။ ဆီးလွန်ရောဂါအတွက် ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပေးပါ။ မာလကာအရွက်ကို ထန်းလျက်နဲ့ရေရောကျိုပြီး မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပါ။ ထောပတ်ထမင်းစားပါ။ အုန်းသီးအဆန်နဲ့ထန်းလျက်ကို စားပေးပါ။ ငှက်ပျောသီးအစိမ်း၊ ငှက်ပျောအူတိုင်ကို ဟင်းချက်စားရင် ဆီးထိန်းနိုင်ပါတယ်။ ဆီးခုံမှာ မင်းကွတ်သီးအခွံသွေးလိမ်းရင် ဆီးထိန်းနိုင်ပါတယ်။

**ဆရာရှင့်၊ ကျွန်မနှာရည်ယိုလိုက်၊ နှာပိတ်လိုက်ဖြစ်နေတာ တစ်နှစ်ကျော်ပါပြီ။ နှာခေါင်းပိတ်ရင် အသက်ရှူမဝလို့ ပါးစပ်နဲ့ရှူရတော့ မောလာပါတယ်ဆရာ။ ညဆိုနှာခေါင်းပိတ်တော့ ကောင်းကောင်းအိပ်မပျော်ပါဘူးဆရာ။ ကျေးဇူးပြုပြီး ဘာဆေးသောက်ရမလဲ ပြောပြပေးပါဆရာ။**

နှာခေါင်းပိတ် ထိပ်ကပ်နာ ရေရှုပါ။ မျက်နှာသစ်ပြီးနောက် ရေကိုလက်ခုပ်နဲ့ရှူသွင်းပါ။ နှာခေါင်းပိတ်ရင် ပွင့်တဲ့အပေါက်ကနေ ငယ်ထိပ်ပေါက်အောင်ရှူသွင်းပါ။ အကျင့်ရရင် ရှူသွင်းတတ်လာပါလိမ့်မယ်။ ချင်းတက်ကို ပါးပါးလှီးပြီး ရေနွေးမတ်ခွက်တစ်လုံးမှာ စိမ်ထားပါ။ ရေနွေးကြမ်းသောက်သလို တစ်နေကုန် သောက်ပေးပါ။ မှိုင်းရှူဆေးရှူပေးပါ။ တိုင်းရင်းဆေး အမှတ် (၄၃) အကင်းဆယ်ပါးဆေးမှုန့်ကို မီးခဲပေါ်ဖြူးရှူပေးပါ။

**ကျွန်တော့်အဖေက အသက် ၇၀ ရှိပါပြီ။ ခြေထောက်ချထားတာကြာရင် ခြေခုံနှစ်ဖက်ရောင်ပါတယ်။ ညအိပ်ပြီး မနက်ထရင် မရောင်ပါဘူး။ လမ်းသွားများရင် သွေးကျပြီးရောင်ပါတယ်။ သွေးလည်းတိုးပါတယ်။ ဆရာဝန်တွေပြတော့ သွေးကျဆေးပေးပါတယ်။ ကျောက်ကပ်မကောင်းလို့ ခြေထောက်တွေရောင်တာလို့ ပြောပါတယ်။ ကျောက်ကပ်ကောင်းဖို့အတွက် ဆေးနည်းများ ဆေးပင်များရှိရင် သိလိုပါတယ်။**

ကျောက်ကပ်ရောဂါ ဆေးနည်းများကတော့ ကျောက်ဖရုံသီးကို အသားချည်းခြစ်ယူ၊ ဖျော်စက်နဲ့ကြိတ်ပြီး အရည်စစ်ယူ၊ ကော်ဖီတစ်ခွက်စာ အရည်မှာ ချင်းကိုကြိတ် အရည်ညှစ်ယူ ဟင်းစားဇွန်းတစ်ဇွန်းထည့်၊ သကြားကို အနည်းငယ်နီအောင်လှော် တစ်ဇွန်းထည့်၊ အဲဒီနည်းအတိုင်း မနက်ညတစ်နေ့နှစ်ခွက်တိုက်ပါ။ တောနယ်မှာဆိုရင် သောင်ခုံမှာပေါက်တဲ့ ဟင်းဂလာရွက်ကို သုံးခွက်တစ်ခွက်တင်ကျိုတိုက်ပါ။ ကျောက်ကပ်ဖောပျောက်ပါတယ်။

**မကြာခဏအာသီးရောင်တာ ဘာကြောင့်ပါလဲ။ ကျွန်မရဲ့ညီမလေးက မကြာခဏဖြစ်နေလို့ပါ။ ဘာတွေရှောင်ရမလဲဆရာ။**

အစာအိမ်မကောင်းလို့ပါ။ အစာအိမ်က အက်စစ်ဓာတ်များပြီး အချဉ်ပြန်လို့ပါ။ အချဉ်၊ အပူအစပ်၊ အက်စစ်ဓာတ်များတဲ့အစာတွေရှောင်ပါ။ ရေခဲရေရှောင်ပါ။ ထမင်းစားရင်း ရေခဲရေသောက်တဲ့သူတွေမှာ အာသီးရောင်တတ်ပါတယ်။ အစာစားပြီးတိုင်း ဆားရည်နဲ့အာလုတ်ကျင်းပေးပါ။ နလင်ကျော်ကို သွေးပြီး မေးအောက်မှာလိမ်းပေးပါ။ ညအိပ်ခါနီးတိုင်း ဒူးအထက်ကနေအောက်ရေလောင်း ခြေဆေးအိပ်ပါ။ ဝမ်းချုပ်ရင် မန်ကျည်းမှည့်ဖျော်ရည် ပုံမှန်သောက်ပေးပါ။

**ချောင်းဆိုးရင် သလိပ်အခဲတွေထွက်လာလို့ပါ။ သလိပ်မထွက်ရင် ရင်ဘတ်နဲ့ရင်ညွန့်မှာ စူးပြီးအောင့်ပါတယ်။ သလိပ်ထွက်ပေမယ့်လည်း ရင်ဘတ်ကနာနေတတ်ပါတယ်။ သလိပ်ပျော်စေမယ့်ဆေးလေးလိုချင်ပါတယ်။**

သလိပ်အတွက် တိုင်းရင်းဆေးအမှတ်(၁) သလိပ်ပုပ်နိုင်ဆေးကို ခဏခဏလျက်ပေးပါ။ ပရဆေးဆိုင်တွေမှာ မက်လင်ချဉ်လျက်ဆားလို့ မေးဝယ်ပါ။ ရဲယိုသီးမှည့်ကို ထန်းလျက်နဲ့ခေါက်စားရင် သလိပ်အခဲထွက်တာ၊ ရင်ဘတ်နာတာ သက်သာစေပါတယ်။

**ဆေးနည်းတိုနဲ့ပတ်သက်ပြီး တင်ပြစရာရှိလို့ပါ ဆရာကြီး။ ကျွန်တော်က ခါးနာ၊ ဒူးနာပြီဆို ရဲယိုရွက်ကို ဒူးမှာကပ်ပြီး ဒူးစွပ်စွပ်ထားလိုက်ပါတယ်။ ခါးနာရင်တော့ ရဲယိုရွက်ကို ခါးကြားမှာ သုံးရွက်တန်းစီကပ်ထားလိုက်ပါတယ်။ အရင်တုန်းကတော့ ဆေးထိုးဆေးစားလုပ်ပါတယ်။ ဆရာဝန်က ဒီလိုဆေးမျိုးတွေကို တစ်ပတ်စာထက် ပိုမစားသင့်ဘူးဆိုတော့ သူငယ်ချင်းတစ်ယောက်ရဲ့ အကြံပေးချက်အရ ရဲယိုရွက်ကပ်တာပဲ လုပ်ပါတယ်။ အခုတော့ ခါးနာ၊ ဒူးနာအတွက် ဆေးထိုးဆေးစားလွတ်နေပါတယ်ဆရာကြီး။ ကုပ်ကျီးပေါင်းတက်တုန်းကတော့ သက်ရင်းကြီးရွက်ကို ကုပ်နဲ့ပခုံးတွေပေါ်မှာ နေ့စဉ်ကပ်ခဲ့ပါတယ်။ သက်ရင်းကြီးရွက်ကပ်ထားတဲ့အောက်ထဲက ချွေးတွေစီးကျလာရင် အရမ်းသက်သာပြီး ရုံးအလုပ်တွေလည်း ကောင်းကောင်းလုပ်နိုင်ပါတယ်။ အခုတော့ ကုပ်ကျီးပေါင်းရောဂါ အရှင်းပျောက်သွားပါပြီဆရာကြီး။ ဆေးနည်းတိုတွေကို စိတ်ရှည်ရှည်နဲ့ ယုံကြည်စွာအသုံးပြုရင် ဘေးထွက်ဆိုးကျိုးမရှိဘဲ ရောဂါပျောက်ကြောင်း ပြောလိုတာပါဆရာကြီး။**

**(Ju Ne,fb account မှ)**

လက်တွေ့ပျောက်ကင်းမှုများကို တင်ပြပေးတဲ့အတွက် ကျေးဇူးပါ။ အများသိအောင် ပြန်လည်မျှဝေပေးပါမယ်။ သီးခြားဖြည့်စွက်အကြံပြုချင်တာကတော့ ရဲယိုရွက်နဲ့ သက်ရင်းကြီးရွက်တွေက အပူဓာတ်ပေးတဲ့အရွက်တွေဖြစ်တဲ့အတွက် တစ်ကြိမ်ကပ်ရင် သုံးနာရီထက် ပိုမကပ်ဖို့လိုပါတယ်။ အေးတဲ့ရာသီဥတုတွေမှာတော့ ငါးနာရီအထိကပ်နိုင်ပါတယ်။

ကြည်လွင်မြင့်(မုဒြာ)

## သီးနှံမျိုးစုံ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာ ဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံ သရုပ်ပြပွဲများကျင်းပ

ညောင်လေးပင် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ စိုက်ပျိုးရေးပညာပေးစခန်း၌ သီးနှံမျိုးစုံ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာ ဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံ သရုပ်ပြပွဲများကို ဇွန်လ ၅ ရက်က ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲများသို့ ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာမြင့်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြပွဲတွင် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများက သီးနှံမျိုးစုံ မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် သဘာဝမြေဩဇာ ဘိုင်အိုချာ စပါးခွံမီးသွေးပြုလုပ်ပုံတို့ကိုပြသရာ ဒေသခံတောင်သူ



၈၅ ဦးခန့် တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## ကျန်းမာရေးအဆင့်မြင့်ကျောင်း (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်လှစ်

သဲကုန်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြင့်ကျောင်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းကို ဇွန်လ ၅ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ယင်းသင်တန်းတွင် သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်ရဲကျော်က ယခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် Smart School ကျောင်းများပြည့်မီအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၇၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**

# ကယားပြည်နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ



**လွိုင်ကော် ဇွန် ၆**

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ် ပရိဝုဏ်အတွင်း၌ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲကို ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲအတွက် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးပြီး ၂၀၂၂ ခုနှစ်မှ ယနေ့အထိ စိုက်ပင်ပေါင်း ၁၂၁၅၆၅ ပင် စိုက်ပျိုးပြီးဖြစ်သည်။ ယခုနှစ်တွင် ကယားပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ပြီး ပြည်သူလူထုသို့ ဖြန့်ဝေခြင်းနှင့် သစ်ပင်စိုက်ပွဲများကျင်းပခြင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၅)

# ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအား ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့်မီးသတ်တပ်ဖွဲ့ဝင်များက အခြေခံပညာအထက်တန်းကျောင်းနှင့်မူလတန်းကြိုကျောင်းများရှိ သိုလှောင်ထားသောသောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ကျားပိုးလောက်လမ်းကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပေးသည်။

အဆိုပါ ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေး အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ပန်းတောင်းမြို့နယ်၌ နွေနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပန်းတောင်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ငါးဆယ်ပေးအုပ်စုရှိ တောင်သူ ခြောက်ဦးက စိုက်ပျိုးထားသော နွေနှမ်း (မကွေးနှမ်းနက်-၂/၁၄) စိုက်ခင်း ၁၅ ဧကသည် စိုက်ပျိုးပြီး ၄၅ ရက်သားရောက်ရှိနေပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် မင်းရပ်ကိုင်းခုံတွင်စိုက်ပျိုးထားသောတောင်သူတစ်ဦး၏နွေနှမ်း(မကွေးနှမ်းနက်-၂/၁၄)စိုက်ခင်း ၅ ဧကသည် ၅၅ ရက်သားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



အဆိုပါ နွေနှမ်းစိုက်ခင်းများကို တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးလမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးထားရှိရာ နှမ်းပင်များသည် သန်စွမ်းကြီးထွား၍ သီးကိုင်းဖြာထွက်မှုကောင်းမွန်လျက်ရှိသည်။

ပန်းတောင်းမြို့နယ်အတွင်း ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် နွေနှမ်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်လျက်ရှိရာ ယခုစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိခြင်းသည် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။**

## ထိန်းသိမ်းကာကွယ်သဘာဝဘေးအန္တရာယ်

❖ ရာသီဥတု၊ မှီပြုကမ္ဘာ
ကောင်းဆိုးနှစ်ဝ၊ ကြုံရမျိုးစုံစွာ
ဖျက်ဘေးကြမ္မာ၊ လျော့လာချုပ်ငြိမ်း။
သဘာဝဒဏ် ကာကွယ်ရန်
မြန်ဆန်စောင့်ရှောက်ထိန်းသည်နှင့်လေး။

❖ မြရည်စိုစိမ်း၊ အေးငြိမ်းတောတောင်
မညှိုးမနွမ်း၊ လန်းဆန်းမိုးမခေါင်
သစ်ပင်ပျိုးထောင်၊ ရွက်ဆောင်မဖြုန်း။
သဘာဝရေမြေ မြတ်အမွေ
မကြွေမနွမ်း ဖုံးသည်နှင့်လေး။

❖ သစ်တောတို့ပြုန်း၊ ပျက်သုဉ်းမြေဝယ်
မုန်တိုင်းမိုးကြီး၊ ရေစီးသန်တမံဆယ်(ဆည်)
လျောင်အန္တရာယ်၊ ကြောက်ဖွယ်ဘေးမျိုး။
ရှေ့ရှုပါးသည် မိုးခေါင်ပြီ
ရာသီဖောက်ပြန်ဆိုးသည်နှင့်လေး။

❖ အများကောင်းကျိုး၊ သယ်ပိုးစွမ်းညီ
သဘာဝဘေး၊ မနေးကာကွယ်ရည်
ပျက်ယွင်းရာသီ၊ ဆောက်တည်ခပင်း။
တက်ကြွညီညာ စွမ်းဆောင်ပါ
သဘာဝဘေးကင်းသည်နှင့်လေး။

❖ ရုပ်သံသတင်း၊ မပျင်းနားဆင်
စီမံမပေါ့ဆ၊ မိုးဇလထုတ်ပြန်စဉ်
တွေးဆကြိုပြင်၊ ဆင်ခြင်မနေး။
အားလုံးဝိုင်းကူ တို့ပြည်သူ
ကြည်ဖြူလုပ်အားပေးသည်နှင့်လေး။

❖ ကမ္ဘာကြီးပူနွေး၊ လျော့ရေးမြော်မြင်
အိုဇုန်းလွှာက၊ ကမ္ဘာ့ဖန်ဆင်းရှင်
သစ်တောသစ်ပင်၊ ချစ်ခင်စိုက်ကြ။
ထိန်းသိမ်းကြပါ မြေကမ္ဘာ
လူ့ရွာသာယာလှသည်နှင့်လေး။

❖ သဘာဝဘေး လျှော့ချရေး
အားပေးဆောင်တော့သည်။
ကမ္ဘာ့အရေး မပေါ့ဆတွေး
များအရေးအောင်တော့သည်။ ။

မောင်မင်းသိမ်း(သရက်)

# တွံတေးမြို့နယ် အင်္ဂါတ်တန်းကျေးရွာ၌ ကရင်ရိုးရာစာပေသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်



ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကေ့ထူး၏ဦးဆောင်မှုဖြင့် ကရင်ရိုးရာစာပေသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းကို ဇွန်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးဝကျေးရွာအုပ်စု အင်္ဂါတ်တန်းကျေးရွာ ပန်းဥယျာဉ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တွံတေးမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဟိုက်စင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများနှင့် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ ကရင်ရိုးရာစာပေသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး၊ အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ကြားကြကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ဖိလစ်ပိုင် သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဂူအမ်ကို ဂိုးပြတ်အနိုင်ရ



ရန်ကုန် ဇွန် ၆

ဖိလစ်ပိုင်သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ကို ဇွန်လ ၆ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်မန်မိုရီရယ်ကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဂူအမ်အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဂူအမ်အသင်းကို အနိုင်ယူကာ ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားသည်။ အိမ်ရှင် ဖိလစ်ပိုင်အသင်းမှာ ဂူအမ်အသင်းကို အနိုင်ယူထားသော်လည်း ဂိုးကွာခြားချက်တွင် အသာရထားသဖြင့် နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်အသင်းကို သရေကစားနိုင်ရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ပွဲထွက်လူစာရင်းတွင် ကစားသမားသစ်အချို့ ထည့်သွင်းခဲ့ပြီး နေလင်းထက်(ဂိုး)၊ နန္ဒကျော်၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ အောင်ဝဏ္ဏစိုး၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ မြတ်ကောင်းခန့်၊ မင်းမော်ဦး၊ မောင်မောင်လွင်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ ခြေစွမ်းအသာရထားသည့် မြန်မာအသင်းသည်ပွဲစကတည်းကဖိကစားနိုင်ခဲ့ပြီး ပထမပိုင်းမှာပင် သုံးဂိုးပြတ်အနိုင်ရနေသည်။ ၁၂ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် နောက်ခံလူ စိုးမိုးကျော်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးများထပ်မံရခဲ့ပြီး ၂၃ မိနစ်တွင် မောင်မောင်လွင်၊ ၃၆ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး ၅၃ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၇၂ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၈၅ မိနစ်တွင်ရှိုင်းဝဏ္ဏအောင်တို့က သွင်းယူပြီး ဂူအမ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးမက်ဇ်က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်း တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင် ဂိုးရရန်ကြိုးပမ်းရာမှ ပြိုင်ဘက်ဂိုးသမားမျက်နှာကို ကန်မိသဖြင့် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို ဇွန်လ ၉ ရက် မြန်မာစံတော်ချိန်ည ၆ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အနိမ့်ဆုံးသရေကစားနိုင်ပါက ချန်ပီယံဆုရရှိမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# လားရှိုးမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁/၂၀၂၆) ဆင်း

လားရှိုး ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မီးသတ်ဦးစီးဌာနမှဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၅ ရက်က အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးရဲဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော သင်တန်းသားသုံးဦးအား ထူးချွန်ဂုဏ်ပြုဆုများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးချီးမြှင့်ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းဆင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို မေလ ၂၅ ရက်မှ ဇွန်လ ၅ ရက်အထိ ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများ၊ ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် မီးအတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းသင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းသား စုစုပေါင်း ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# AYA Tri-Nation Cup သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ချန်ပီယံမျှော်လင့်ချက်ဆက်ရှိနေ



ရန်ကုန် ဇွန် ၆

AYA Tri-Nation Cup သုံးနိုင်ငံအမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ကို ဇွန်လ ၆ ရက်ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ထိုင်းအသင်းက ဥဇဘက်ကစ္စတန်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထိုင်းအသင်းသည် ဥဇဘက်ကစ္စတန်ကို အနိုင်ရခဲ့သဖြင့် အိမ်ရှင်မြန်မာအမျိုးသမီးအသင်း၏ ချန်ပီယံမျှော်လင့်ချက် အဆုံးမသတ်သေးဘဲ နောက်ဆုံးပွဲတွင် အနိုင်ရပါက ချန်ပီယံဆုမျှော်လင့်နိုင်မည်ဖြစ်သည်။

အဖွင့်ပွဲတွင် မြန်မာအသင်းကို အနိုင်ရထားသည့် ဥဇဘက်ကစ္စတန်အသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဖြစ်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ နောက်ဆုံးပွဲကို စောင့်ကြည့်ရမည်ဖြစ်သည်။ ထိုင်းအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစ ၂ မိနစ်တွင် မောင်ကိုလ်ဒီးက သွင်းယူခဲ့သည်။

ဒုတိယနေ့အပြီးတွင် ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်စီရထားပြီး မြန်မာအသင်းက အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန်လ ၉ ရက် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထိုင်းအသင်းက မြန်မာအသင်းကို အနိမ့်ဆုံးသရေကစားနိုင်ပါက ချန်ပီယံဖြစ်မည်ဖြစ်ပြီး မြန်မာအသင်းမှာမူ နှစ်ဂိုးပြတ်အနိုင်ကစားနိုင်ရန် လိုအပ်နေသည်။ တစ်ဂိုးအသာဖြင့် အနိုင်ရပါက သုံးသင်းစလုံး ရမှတ်သုံးမှတ်စီတူညီသွားပြီး နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွင်လည်း အပြန်အလှန်အနိုင်ရထားသဖြင့် ဂိုးကွာခြားချက်ဆက်ကြည့်ရမည်ဖြစ်သည်။ ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးတွင်လည်း တူညီပါက အဝါကတ်၊ အနီကတ်စည်းမျဉ်းဖြင့် ချန်ပီယံဆုအတွက် ဆက်လက်ဆုံးဖြတ်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-FAT**

## နိပါတ်တော်လာ သိမှတ်စရာ

# လှည်းကုန်သည်နှစ်ဦး(အပဏ္ဏကဇာတ်)



ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုးရိုး၌ ဖြစ်၍နေ၏။ ဘုရားလောင်းသည် လိမ္မာရေးခြားရှိ၍ ကျိုးကြောင်းသင့်စွာ ဝေဖန်ဆုံးဖြတ်နိုင်စွမ်းရှိ၏။ ထိုဗာရာဏသီမြို့တော်၌ပင် ဆင်ခြင်တုံတရားကင်းမဲ့၍ အရာရာကို ယုံလွယ်တတ်သူ အခြားလှည်းကုန်သည်တစ်ဦးလည်း ရှိ၏။

တစ်နေ့သောအခါ ဘုရားလောင်းသည် လှည်းကုန်သည်ငါးရာကို ဦးဆောင်၍ ဝန်အပြည့်တင်ဆောင်ကာ ကုန်ရောင်းထွက်ရန် ပြင်ဆင်နေ၏။ ထိုသို့ရှိစဉ် ဆင်ခြင်တုံတရားကင်းမဲ့သူ အခြားလှည်းကုန်သည်မိုက်သည်လည်း ဘုရားလောင်းသွားမည့်ခရီးစဉ်အတိုင်းပင် လှည်းကုန်သည်ငါးရာဖြင့် ကုန်ရောင်းထွက်မည်ဆိုသည့်သတင်းရောက်လာလေ၏။

ဘုရားလောင်းသည် လူတစ်ထောင်နှင့် နွားနှစ်ထောင် တစ်ချိန်တည်း၊ တစ်ခရီးတည်းသွားရန် မလွယ်ကူ၊ စခန်းချရပ်နားစဉ် ရေ၊ မီးကအစ အခက်အခဲရှိနိုင်မည်ကို စဉ်းစားမိသဖြင့် လှည်းကုန်သည် သူမိုက်ကိုခေါ်၍ “သင် ရှေ့ကသွားလိုက သွားပါ သို့မဟုတ် နောက်မှာချန်၍ လိုက်လိုက လိုက်ပါ” ဟု ပြောဆိုဆွေးနွေး၏။ ထိုအခါ လှည်းကုန်သည်မိုက်က “ရှေ့ကသွားလျှင် စျေးကောင်းရနိုင်သည်၊ နောက်မှလိုက်လျှင် စျေးကောင်းမရနိုင်” ဟု စဉ်းစားမိသဖြင့် ရှေးဦးစွာ သွားမည်ဖြစ်ကြောင်း ပြောဆို၏။

လှည်းကုန်သည်မိုက်ဦးဆောင်သောအဖွဲ့သည် ခရီးထွက်ခွာ၍ မကြာမီ ခရီးကြမ်းအလယ်သို့ ရောက်ရှိ၏။ ကန္တာရတောထဲ၌ ဘီလူးတို့သည် လူအသွင်ဖန်ဆင်း၍ နွားဖြူပျိုတစ်ရှဉ်းကသော လှည်းယဉ်ကလေးဖြင့် မျက်နှာချင်းဆိုင်အရပ်မှ မောင်းနှင်လာကြ၏။ ခေါင်းဆောင်လုပ်သူက လှည်းစီးကာ အခြွေအရံများက ခြေကျင်လိုက်ပါလာကြ၏။ သူတို့၏ ကိုယ်နှင့် အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတို့မှာ ရွှံ့ညွန်တို့ဖြင့်ပေကျံနေကာ ရေစက်ရေပေါက်တို့ ရွှဲရွှဲစိုလျက်ရှိ၏။ လှည်းကုန်သည်မိုက်အဖွဲ့နှင့် ဆုံမိကြသော် လမ်းခရီးအခြေအနေကိုမေးမြန်းရာ ဘီလူးတို့က “ရှေ့တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းနေသည်။ အင်းအိုင်ချိုင့်ဝှမ်းများ ရေပြည့်လျက်ရှိပြီး ကြာပန်းတို့ဖူးပွင့်နေသည်” ဟု ပြောပြကြ၏။

ထိုသတင်းကိုကြားရသော် လှည်းကုန်သည်မိုက်သည် ဝန်ပေါ့စေရန် ပါလာသောရေများကို သွန်ပစ်စေ၍ ခရီးဆက်ခဲ့ရာ ညမိုးချုပ်၍ စခန်းချရပ်နားသည်အထိ ရေမရှိသဖြင့် မချက်မပြုတ်နိုင်ဘဲ ရေငတ်၊ အာဟာရ ပြတ်လပ်၍ လူရောနွားပါ ခွန်အားယုတ်လျော့လာကြကုန်၏။ ဤတွင် အခွင့်ကောင်းကို စောင့်နေသော ဘီလူးများသည် လှည်းစခန်းကိုဝိုင်းရံလာကာ လှည်းကုန်သည်မိုက်ဦးဆောင်သည့် အဖွဲ့အား သတ်ဖြတ်စားသောက်ကြ၏။

ထိုမှ လဝက်ပြည့်သည့်နေ့တွင် ဘုရားလောင်း လှည်းကုန်သည်အဖွဲ့သည် ခရီးစတင်ထွက်ခွာ၏။ ကန္တာရသို့ဝင်သည်နှင့် ရေကိုလုံလောက်အောင် ဖြည့်၏။ “မိမိခွင့်ပြုချက်မရဘဲ ကန္တာရထဲတွင် ရေလက်တစ်ခုပ်သော်မျှ မဖြုန်းတီးရ၊ မည်သည့် သစ်သီးသစ်ရွက်ကိုမျှ ခူးဆွတ်မစားရ” ဟု စည်းကမ်းတင်းကျပ်စွာ ချမှတ်၏။ အဆိပ်သီးအဆိပ်ရွက်များကို စားသုံးမိမည်စိုး၍ဖြစ်၏။ ဘုရားလောင်း လှည်းကုန်သည်အဖွဲ့ ကန္တာရအလယ်သို့ရောက်လတ်သော် ဘီလူးများသည် ရှေးနည်းအတိုင်းပင် လှည့်ဖြားပြောဆိုကြပြန်၏။ သို့ရာတွင် ကျိုးကြောင်းဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသည့် ဘုရားလောင်းကို လှည့်ဖြား၍ မရပေ။ “ကန္တာရထဲတွင် မိုးရွာနေသည်ဟုဆိုသော်လည်း မိုးရိပ်လေရိပ်မမြင်၊ ဤသူများသည် မျက်စိများနီ၏၊ ကိုယ်အရိပ်လည်း မထွက်၊ ဧကန်စင်စစ် ဘီလူးများသာဖြစ်ရမည်” ဟု ဆင်ခြင်မိ၏။

သို့ဖြင့် ရေများကို မစွန့်ပစ်စေဘဲ သယ်ဆောင်စေ၏။ နေဝင်စပြု၍ စခန်းချရပ်နားရာတွင် လှည်းကုန်သည်မိုက်နှင့်အဖွဲ့အား ဘီလူးများစားထားသည့် အရိုးစုများနှင့် လှည်းများကိုတွေ့ကြရလေ၏။ ဤသို့ဖြင့် လိုရာခရီးသို့ ဆက်လက်သွားရောက်ရောင်းချရာ အမြတ်ငွေနှစ်ဆရရှိကြလေ၏။

ဇာတ်ပေါင်းသော် လှည်းကုန်သည်မိုက်သည် ဒေဝဒတ်၊ လှည်းသားများသည် ဒေဝဒတ်၏ ပရိသတ်၊ ပညာရှိလှည်းကုန်သည်သည် ဗုဒ္ဓ၊ လှည်းသားများသည် ဗုဒ္ဓ၏ပရိသတ်ဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် မစဉ်းစား၊ မဆင်ခြင်သူသည် ပျက်စီးတတ်ပြီး ကြောင်းကျိုးဆင်ခြင်၍ ပြုမူတတ်သူသည် ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပေသည်။ ။

**သုတကြွယ်**

## တိုင်းရင်းသားရိုးရာ ပွဲတော်များ

# တာတက်ပွဲတော်

ခနော့၊ တောင်ရိုးတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် စိတ်ဝင်စားဖွယ်အကောင်းဆုံးပွဲတော်တစ်ခုမှာ တာတက်ပွဲတော်ဖြစ်သည်။ နှစ်သစ်ရက်ကို ပွဲတော်နေ့အဖြစ် ရာသက်ပန်သတ်မှတ်ထားသည်။ ပွဲတော်ကို သင်္ကြန်အတက်နေ့မှစပြီး ကဆုန်လပြည့်ကျော် ၅ ရက်နေ့အထိ တစ်ရွာပြီးတစ်ရွာဆက်တိုက်ကျင်းပကြသည်။ စင်စစ် တာတက်ပွဲဟူသည်မှာ ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုပင်ဖြစ်ပါ၏။

တစ်နည်းအားဖြင့် မြေလတ်ဒေသတွင်နေထိုင်ကြသော ခနော့၊ တောင်ရိုး၊ ပအိုဝ်းတိုင်းရင်းသားများ၏ မိမိတို့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ စုပေါင်းလှူဒါန်းကြသည့်ပွဲပင်ဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာလက်စားချို၊ လက်စားဆပ် (သူ့ရွာသွား ကိုယ့်ရွာလာ အပြန်အလှန်) စနစ်ဖြင့် ရှေးအစဉ်အလာမပျက် ရွာစဉ်ဆက်ကာ လှည့်လည်ကျင်းပကြခြင်း ဖြစ်လေ၏။

တာတက်ပွဲကျင်းပပုံမှာ မိမိတို့ရွာအတွက် ပွဲတော်ကျင်းပမည့်ရက်တွင် ရွာသူရွာသားများသည် သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်းကြသည်။ သံဃာတော်များအတွက် အလှူဝတ္ထုများကို ပဒေသာပင်များတွင် သီးပေးကြသည်။ ပဒေသာပင်ကို ကြည်ညိုဖွယ်ရာဖြစ်အောင် ဝေဝေဆာဆာ မွမ်းမံကြလေသည်။ မိမိတို့ခြံထွက်ဖြစ်သော သီးနှံများကိုလည်း ပဒေသာပင်တွင် ချိတ်ဆွဲကြသည်။ ထိုသို့ ရွာတစ်ရွာတွင် တာတက်ပွဲကျင်းပလျှင် ၁၀ မိုင်၊ ၁၂ မိုင်ခန့်အတွင်းရှိ အခြားခနော့၊ တောင်ရိုးကျေးရွာများကလည်း ထိုတာတက်ပွဲသို့ လှူဖွယ်ဝတ္ထုများကို အိုးစည်ဝိုင်းများ၊ အကအခုန်များဖြင့် ယူဆောင်လာပြီး ဝိုင်းဝန်းလှူဒါန်းကြသည်။ ထိုသို့ လာရောက်လှူဒါန်းသည်ကို **“လက်စားချို”** သည်ဟုခေါ်သည်။ ထိုထိုရွာများမှ ထိုသို့လာရောက်လှူဒါန်းထားလျှင် ထိုထိုရွာတို့တွင် အလားတူ တာတက်ပွဲကျင်းပသောအခါတွင်လည်း မိမိတို့ရွာမှ အိုးစည်ဝိုင်းများဖြင့် သွားရောက်လှူဒါန်းကြရသည်။ ထိုသို့သွားရောက်လှူဒါန်းကြသည်ကို **“လက်စားဆပ်”** သည်ဟုခေါ်ပါ၏။

တာတက်ပွဲများသည် လူကြီးသူမများအဖို့ ဘာသာရေး၊ သာသနာရေးသက်သက်ဖြစ်သော်လည်း လူငယ်လူရွယ်များအတွက်မူ အလုပ်အကိုင်နှင့် လူမှုရေးကိစ္စများပါ တွဲလျက်ပါဝင်လာ၏။ ထို့ပြင် လူပျို၊ အပျိုတို့အဖို့ နှလုံးသားရေးရာ အခွင့်အလမ်းများပွင့်လန်းရန် အချိန်အခါကောင်းပင် ဖြစ်ပေသည်။ ထိုဒေသရှိ အပျိုစင်များ အလှပြိုင်ကြသည့်ပွဲဖြစ်သည်သာမက အပျို၊ လူပျိုများ ဆုံစည်းပေးရာပွဲလည်းဖြစ်သဖြင့် လုလင်ပျို၊ လုံမပျိုများမှာ တာတက်ပွဲသို့ပါဝင်ဆင်နွှဲရန် သူ့ထက်ငါအားခဲ၍ ကြိုတင်ပြင်ဆင်ကြလေ့ရှိသည်။ လူငယ်လူရွယ်များအဖို့ ဖူးစာရေးနတ်၏ မျက်နှာသာပေးခြင်းကိုခံကြရသည့် အချိန်အခါဟုလည်း ဆိုနိုင်သည်။

နှစ်ပေါင်းများစွာနွှဲလာကြပြီးသော အဘိုးအို၊ အဘွားအိုများပင် လူငယ်လူရွယ်များ၏ အိုးစည်သံ၊ မောင်းသံကြားရလျှင် အိုရာမှ ပျိုလာသကဲ့သို့ အားသစ်ခွန်သစ်များ တိုးပွားလာကြရသည်။ လုလင်ငယ်၊ လုံမငယ်များအတွက်ကား ဆိုဖွယ်ရာရှိလိမ့်မည်မထင်။

ထိုသို့ လက်စားချို၊ လက်စားဆပ်စနစ်ဖြင့် ရောက်ရှိလာကြသော ရွာများမှ အိုးစည်အဖွဲ့သားများ၊ ရွာသူရွာသားများသည် မိမိတို့၏ လှူဒါန်းဖွယ်ရာများကို ကိုင်ဆောင်ပြီး နံနက် ၁၀ နာရီခန့် မှစ၍ တစ်ရွာပြီး တစ်ရွာ ကျောင်းနှင့်ဘုရားကို လက်ျာရစ်သုံးကြိမ်လှည့်လည်ကြသည်။ ထိုသို့ လှည့်လည်သည်ကို **ပွဲတက်သည်**ဟုခေါ်သည်။ လူပျိုများတစ်လှည့်၊ အပျိုများတစ်လှည့် သံချပ်များအပြိုင်အဆိုင်ထိုးကာ ကခုန်ပျော်ပါးကြသည်။ အိုးစည်ဝိုင်းအတွင်းသို့ မည်သူမဆို ဝင်ရောက်ကခုန်ခွင့်ရှိသည်။ ထိုသို့ မြိုင်မြိုင်ဆိုင်ဆိုင်ပျော်ပျော်ပါးပါးကခုန်ပြီးသောအခါတွင်မူ ပွဲတော်ကြီးပြီးဆုံးပါတော့သည်။ ။

**မောင်ရင်သွေး**

## ရယ်စရာပုံစံ



### ရောဂါအဆင့်အတန်း

ဖိုးစလုံးနဲ့ ဦးလေးမဲတို့ ရွာထိပ်မှာဆုံမိကြတော့...

“ဟေ့...ဖိုးစလုံး၊ ဘယ်တုံးဟ”

“သွေးတိုးပြီး ခေါင်းတွေမူးနေလို့ ဦးလေးရာ၊ အဲ့ဒါ ဆေးဆိုင်မှာ သွေးတိုးကျဆေးသွားဝယ်မလို့”

“ဟာ...အတော်ပဲ၊ ငါလည်း သွေးတွေတိုးနေလို့၊ ငါ့ဖို့ပါ ပိုဝယ်ပေးခဲ့ပါကွာ”

“ဦးလေးဘာသာ သွားဝယ်မှပေါ့ဗျ၊ ဦးလေးနဲ့ကျုပ်က ရောဂါချင်းတူတာမှ မဟုတ်တာ”

“ဟကောင်ရ...ငါလည်း ငံပြာရည်ဖျော်တွေ အစားများပြီး သွေးတိုးတာပါဆို”

“အဲ့ဒါကြောင့် ပြောတာပေါ့ ဦးလေးရ၊ မတူပါဘူးဆို၊ ကျုပ်က ဝက်သားတွေအစားများပြီး သွေးတိုးတာဗျ”။ ။

**ဖိုးစလုံး**

# ပိန္နဲကုန်းစံပြကျေးရွာရှိ ဦးသက်ပိုင်စိုး၏ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုအားပေး

မော်လမြိုင် ဇွန် ၆

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ထင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းစံပြကျေးရွာရှိ ဦးသက်ပိုင်စိုး၏ ကြက် မွေးမြူရေးခြံ၌ ဥစားကြက်အကောင်ရေ ၇၅၀၀၊ အသားစားကြက်အကောင်ရေ ၆၀၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ငါးမွေးမြူရေးကန်အတွင်း ငါးမြစ်ချင်းအကောင်ရေ ၁၅၀၀၀၊ ငါးတန်အကောင်ရေ ၁၅၀၀၀ နှင့် ရေချိုငါးမုတ်အကောင်ရေ ၁၅၀၀၀ မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။



ထိုသို့ကြည့်ရှုစဉ်ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြုမွေးမြူသည့်နည်းလမ်းများကို ဆောင်ရွက်ကြရန်၊ မွေးမြူရေးခြံသန့်ရှင်းရေးနှင့် ရောဂါကူးစက်မှုမဖြစ်ပွားစေရေးကြိုတင်ဆောင်ရွက်ထားရှိရန်၊ မွန်ပြည်နယ်အတွင်း ရေချိုငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန်၊ ငါးစားသုံးမှုဖူလုံပိုလျှံမှုရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေး တိုးချဲ့ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကချင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝန်ထမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် တွေ့ဆုံ

မြစ်ကြီးနား ဇွန် ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ) ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ဧရာဝတီဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဝန်ထမ်းများအနေဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လစဉ်စိစစ်ဆောင်ရွက်သွားရန်၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်သောကြောင့် ထိခိုက်ပျက်စီးမှုမရှိစေရေး အထူးအလေးထားထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ မဲပေးစက်များ စနစ်တကျထိန်းသိမ်းသွားမည့် လုပ်ငန်းအစီအမံများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်တာဝန်ခံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ဌာနဆိုင်ရာ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများကို ရွှေကူမြို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်စဉ်။

❍ ရှေ့ဖုံးမှအဆက်

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ သွားလာရေးခက်ခဲသော ဒေသများသို့ တပ်မတော်မှ လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ ပို့ဆောင်ပေးမည့် ဌာနဆိုင်ရာရုံးများအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များသည် ဇွန်လ ၄ ရက်တွင် မန္တလေးမြို့မှ ထွက်ခွာခဲ့ရာ မတ္တရာ-သပိတ်ကျင်း-တကောင်း- ကတ္တူ- ငါးအိုး မှတစ်ဆင့် ယနေ့နေ့လယ်ပိုင်းတွင်ရွှေကူမြို့သို့ရောက်ရှိခဲ့သဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းသိရှိရပြီး အဆိုပါထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများမှတစ်ဆင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးပြီး အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်၍ ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဒေသ၏လိုအပ်ချက်အပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

➜ ကျောဖုံးမှအဆက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို အသက်ကိုပဓာနမထားဘဲ စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပိုင်ကျုံမြို့၌ ဟင်းသီးဟင်းရွက်စနစ်တကျစိုက်ပျိုးနည်း အသိပညာပေး ဆွေးနွေးပွဲနှင့် မျိုးစေ့များအခမဲ့ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ပိုင်ကျုံ ဇွန် ၆

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ရှိ တောင်သူများအား စားဖိုဆောင်အသုံးစရိတ်သက်သာချောင်ချိစေရေးနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဟင်းသီးဟင်းရွက်စနစ်တကျစိုက်ပျိုးနည်း အသိပညာပေးဆွေးနွေးပွဲနှင့် မျိုးစေ့များအခမဲ့ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးထူးဝင့်ကျော်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းထွန်းက တောင်သူတို့၏ စားဖိုဆောင်အသုံးစရိတ်သက်သာချောင်ချိရေးအတွက် ၁၀ မျိုး၊ ၁၀ ပေါင် စိုက်ပျိုးနိုင်ရေး၊ ဟင်းသီးဟင်းရွက်စနစ်တကျ စိုက်ပျိုးနည်းများ၊ ပိုးသတ်ဆေးနှင့်မြေဩဇာ စနစ်တကျအသုံးပြုနည်းအကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား ၁၀ မျိုး၊ ၁၀ ပေါင် စိုက်ပျိုးရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး မျိုးစေ့များအား အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးက ဦးဆောင်၍ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ရုံးဝန်ထမ်းများစိုက်ပျိုးမည့် ၁၀ မျိုး၊ ၁၀ ပေါင်စိုက်ခင်း၌ စားဖိုဆောင်ဟင်းသီးဟင်းရွက်မျိုးစေ့များကို လက်တွေ့စိုက်ပျိုးသရုပ်ပြပွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၀၆)

# လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီးအာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား (ပထမ)အကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ထီး၊ မိုးကာနှင့် ကျောင်းဝတ်စုံများပေးအပ်

နေပြည်တော် ဇွန် ၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့်ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ထီး၊ မိုးကာနှင့်ကျောင်းဝတ်စုံများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ထီးနှင့် မိုးကာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ကျောင်းသား၊ကျောင်းသူများ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား (ပထမ)အကြိမ် ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ထီး၊ မိုးကာနှင့်ကျောင်းဝတ်စုံများ ပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ကိုယ်စား ကျောင်းသားတစ်ဦးနှင့်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ထီးနှင့် မိုးကာများကို ပေးအပ်ချီးမြှင့်စဉ်။

# ကျောင်းဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေပြည်တော် ဇွန် ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိဘုရား၊စေတီပုထိုးများ၊ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ၁၂ မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အပါအဝင် မြို့နယ် ၉ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၏ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့်တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

★ **စာမျက်နှာ ၁၅ မှအဆက်**

တစ်အုပ်တစ်မစိုက်ခင်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေသြဇာများထုတ်လုပ်လျက်ရှိမှု၊ Drum Seeder များထုတ်ပေးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသကြက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသအလိုက်အသားဖူလုံမှု၊ MSME လုပ်ငန်းများမှထွက်ရှိသည့်ထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း မိုးသီးနှံများစိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ မိုးရာသီအတွင်း စပါးအမျိုးအစားများအလိုက်စိုက်ပျိုးလျက်ရှိမှု၊ မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ယန္တရားများအသုံးပြု၍ ကောက်ပွက်များဖော်ဆောင်၍ ဆောင်ရွက်မည်ဆိုပါက များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် ကော်ဖီသည် တိုင်းပြည်အတွက် ထုတ်ကုန်အဖြစ် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့၊ မြို့သစ်ဖော်ဆောင်ရေးအတွက် Town Plan ရေးဆွဲဆောင်ရွက်ထားရှိမှု၊ မြို့သစ်စီမံကိန်းအတွင်း မီးရထားလမ်းအသစ်ဖောက်လုပ်ရေးဆောင်ရွက်ထားရှိမှု၊ အုပ်ချုပ်မှုဆိုင်ရာအစိုးရရုံးဌာနများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဝန်ဆောင်မှုဆိုင်ရာနေရာများ၊ အပန်းဖြေရန်နေရာများ၊ စိမ်းလန်းနေရာများ ထည့်သွင်းဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက တောင်ငူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် တောင်ငူခရိုင်ကို အထူးဖွံ့ဖြိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်နှင့် ဆက်စပ်၍ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်ငူဒေသကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသနှင့် ဆက်စပ်လျက်ရှိသည့် အခြားဒေသများမှ သူများသည်လည်း မိမိတို့ဒေသအတွက် ကြိုးစားလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင်နေထိုင်သူများ အနေဖြင့် မိမိတို့ဒေသအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို စဉ်းစားဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း၊ တောင်ငူဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေကြခြင်းဖြစ်သော်လည်း ရေရှည်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်း၊ MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် ဒေသတွင်းစားရေးဖူလုံမှုအပြင် ပြင်ပသို့ ရောင်းချနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

**တောင်ငူဒေသတွင် ဆန်ဖူလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကိုအသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်**ကြောင်း၊ **ဒေသ၏အခြေခံအရင်းအမြစ်ကောင်းများကိုအသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ငါးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်**ကြောင်း၊ အလားတူ ကြက်၊ ဘဲ၊ ဆိတ်၊ ဝက်၊ နွားတို့ကို တိုးချဲ့မွေးမြူခြင်းအားဖြင့်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ခြင်းအားဖြင့် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့်နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်ပစ္စည်းများကို ဒေသတွင်းနေထိုင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုယခုထက်ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းအချက်အလက်များအပေါ်တွင်မူတည်၍ စီမံကိန်းများ၊ စီမံချက်များရေးဆွဲဆောင်ရွက်ရသည်ဖြစ်သဖြင့် ဒေသအလိုက်မှလည်း အခြေခံအချက်အလက်များကို မှန်မှန်ကန်ကန်ပြုစုတင်ပြကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ မြေကိုအကျိုးရှိရှိအသုံးပြုသွားရန်လိုပြီး မိမိတို့ဒေသအလိုက်ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်ရေခံမြေခံကောင်းများနှင့်အခြေခံကောင်းများကိုထိထိရောက်ရောက်နှင့် မှန်မှန်ကန်ကန်အသုံးချသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်မည်ဆိုပါကလည်း စိုက်ကေတိုးချဲ့ခြင်းထက်ရှိပြီးဖြစ်သည့် စိုက်ကေများတွင် ပန်းတိုင်အထွက်နှုန်းများရရှိစေရေး၊ သီးထပ်စွမ်းအားပြည့်မီမှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့်စိုက်ပျိုးရေနှင့် အောင်ရေများပြည့်ပြည့်ဝဝရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်များ၊ ချောင်းများကို စနစ်တကျထိန်းသိမ်းရန်လိုအပ်ချက်များရှိခဲ့သဖြင့် ယခုအခါမြစ်ချောင်းများ တိမ်ကောခြင်း၊ နုန်းပို့ချမှုများပြားလာခြင်းများ၊ ရေအရင်းအမြစ်လျော့နည်းလာခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြစ်ချောင်းများရေစီးဆင်းမှုပြန်လည်ကောင်းမွန်ရေးပြန်လည်ထိန်းသိမ်းသွားရန်လိုကြောင်း၊ သို့ဖြစ်၍ မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍများအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကိစ္စရပ်မှန်သမျှကို ဒေသအတွက်၊ နိုင်ငံ့အတွက် ရေရှည်အကျိုးကိုမြော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်တစ်ရပ်ကို ပုံဖော်တည်ဆောက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပညာတတ်လူသားအရင်းအမြစ်များ လျော့နည်းလာခြင်းသည် နိုင်ငံ့အနာဂတ်အတွက် မည်ကဲ့သို့မျှ ကောင်းမွန်မှုမရှိသည်ကို သတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်မိမိတို့ဒေသအလိုက် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအလေးထားတိုက်တွန်းအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးကောင်းမွန်မှုရှိမှသာလျှင် ကလေးငယ်များ၏အနာဂတ်ဘဝလမ်းကို ကောင်းမွန်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်ကို အသိပညာပေးဟောပြောခြင်းများဖြင့် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရန်နှင့်အမှန်တကယ်အလုပ်လုပ်ကိုင်နိုင်ရန်လိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အလုပ်လုပ်နိုင်မှသာလျှင် ဝင်ငွေရရှိနိုင်မည်ဖြစ်ကာ လူတစ်ဦးချင်းစီအလိုက်မှစ၍ဒေသအလိုက်၊ ခရိုင်အလိုက် စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်စေရေးအတွက် လက်ရှိနိုင်ငံတကာ၌ ဖြစ်ပေါ်ကြုံတွေ့ရလျက်ရှိသည့် စက်သုံးဆီအခက်အခဲများအပါအဝင် အခြားအခြေခံလိုအပ်ချက်များကိုလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ အလုပ်လုပ်ကိုင်နိုင်ရေးဖြည့်ဆည်းပေးမှုများကို အကျိုးရှိရှိနှင့် စနစ်တကျအသုံးချနိုင်ရန်လိုကြောင်း၊ အမှန်တကယ်လိုအပ်သည်မှာ အလုပ်လုပ်ကြရန်နှင့် မိမိအတွက်၊ ဒေသအတွက်၊ နိုင်ငံတော်အတွက် အလုပ်လုပ်ကိုင်လိုစိတ်များရှိကြရန်ပင်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်ပေါ်ကြုံတွေ့လာနိုင်သည့်အခက်အခဲ၊ အကျပ်အတည်းမှန်သမျှကိုလည်း ဖြေရှင်းနိုင်ရေး စဉ်ဆက်မပြတ်လေ့လာသွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့ကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဒေသများမှတစ်ဆင့် အခြားမြို့များကိုလည်း ဆင့်ကဲအထူးဖွံ့ဖြိုးတိုးတက်သောဒေသများအဖြစ် ဖြစ်ပေါ်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့အနေဖြင့် စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ဖြစ်ပေါ်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ အထက်ပိုင်း၊ အောက်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း စသည့်ဒေသများသို့ လက်လှမ်းမီချိတ်ဆက်နိုင်သည့် အလယ်ဗဟိုချက်နှင့် မြေလတ်ဒေသများလည်းဖြစ်သည့်အတွက်လည်း အောင်မြင်နိုင်မည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ကွပ်ကဲမှုလက်လှမ်းမီရာဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းရွက်နေရသည့် ကာလအတွင်း မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးကိုဖော်ဆောင်ပေးနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေးကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကေတုမတီမြို့သစ်၊ ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ လုပ်ငန်းရှင် ဦးရဲဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကြက်ခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှု၊ ဒေသတွင်းမှထွက်ရှိသည့်ကုန်ကြမ်းများကိုအခြေခံ၍ ကြက်စာအဖြစ်ထုတ်လုပ်ကျွေးမွေး၍မွေးမြူလျက်ရှိမှု၊ ကြက်ခြံတွင် အသုံးပြုလျက်ရှိသည့် Evaporated cooling system (အအေးပေးစနစ်)အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားများအား နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိမှုနှင့် ဈေးကွက်ရရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြကာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Evaporated cooling system (အအေးပေးစနစ်)ဖြင့် ဥစားကြက်များမွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျွန်းကုန်းဘူတာမှ RBE အထူးရထားဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်ကျင်းပမည်

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကိုရည်ရွယ်၍ **“၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်”**ကို ဇွန်လ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတန်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကားပြသသွားမည်ဖြစ်ရာ ပြည်သူများအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

မြဝတီ

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၆-၆-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၅ | ဒသမ | ၀၄ | လက်မ |
| တောင်ငူ | ၄ | ဒသမ | ၉၆ | လက်မ |
| (လေကြောင်းမိုးလေဝသ) | | | | |
| မုဒုံ | ၄ | ဒသမ | ၇၂ | လက်မ |
| ကျိုက္ခမီ | ၄ | ဒသမ | ၇၂ | လက်မ |
| မော်လမြိုင် | ၄ | ဒသမ | ၅၃ | လက်မ |
| ပေါင် | ၄ | ဒသမ | ၅၃ | လက်မ |
| ထားဝယ် | ၄ | ဒသမ | ၃၇ | လက်မ |




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

- ❖ **မိမိတို့တာဝန်ယူထားရသည့်ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့်ကိစ္စရပ်မှန်သမျှကို ဒေသအတွက်၊ နိုင်ငံ့အတွက် ရေရှည်အကျိုးကိုမျှော်တွေး၍ ဆောင်ရွက်သွားကြရန်လို . . .**
- ❖ **နိုင်ငံ့စီးပွားတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် အမှန်တကယ်အလုပ်လုပ်ကိုင်နိုင်ရန်လို၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အလုပ်လုပ်နိုင်မှသာလျှင် ဝင်ငွေရရှိနိုင်မည်ဖြစ်ကာ လူတစ်ဦးချင်းစီအလိုက်မှစ၍ ဒေသအလိုက်၊ ခရိုင်အလိုက် စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့်နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ် . . .**
- ❖ **တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ မိတ္ထီလာဒေသတို့ကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ . . .**
- ❖ **နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်နေရသည့်ကာလအတွင်း မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ် . . .**

များအတွက် အလွယ်တကူသုံးစွဲနိုင်သည့် တန်ဖိုးနည်း သဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွဲမျိုးသွေးထုတ်လုပ်မှုသရုပ်ပြသခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လာရောက်လေ့လာကြသည့်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်းအားပေးစကားပြောကြားပြီး မျိုးစပါးများရရှိရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိစေရေး၊ သီးထပ်စွမ်းအားများ ကောင်းမွန်မှုရှိစေရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုပြောကြားသည်။

**တောင်ငူခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်သမ္မတသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား နယ်မြေခံလေတပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဆောင်ရွက်ပြီးစီးမှု၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကေကွက်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တောင်ငူခရိုင်အတွင်း နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးမြေများအား စနစ်တကျအသုံးချဆောင်ရွက်လျက်ရှိမှု၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်စေရေးစိုက်ပျိုးလျက်ရှိမှု၊ တစ်ကေပန်းတိုင်အထွက်နှုန်း ရရှိအောင်စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ မိုးသီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံမှု၊ ရေဆင်းပေါ်ဆန်းစပါးစိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုများတိုးတက်လာမှု၊ ပဲစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမှု၊ ရိုဘက်စတာကော်ဖီများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဟင်းသီးဟင်းရွက်များနှင့် **စာမျက်နှာ ၁၄ သို့** ☆

☆ **စာမျက်နှာ ၁၇ မှအဆက်**

မြို့ရိုးနှင့်ကျုံးတို့သည် ဒဏ္ဍာရီမဟုတ်ဘဲ အမှန်တကယ်ရှိခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကြီးမားခဲ့သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့်အတွက် စနစ်တကျသုတေသနပြုလုပ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးကူးတံတားများနှင့် ဆက်စပ်လျက်ရှိသည့်လမ်းများ ပြန်လည်ဖော်ထုတ်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံများအတိုင်းဖြစ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ကေတုမတီနန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ်၊ နှစ်ဆောင်မြိုင်ကျေးရွာ အနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်နေမှု၊ သီးနှံပင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့သစ်၊ ကျွန်းကုန်းကျေးရွာရှိ ရွှေဝါကြက်မွေးမြူရေးခြံ၌ ဥစားကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် တောင်ငူအားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

⭑ ရှေ့ဖုံးမှအဆက်

**နေပြည်တော်-တောင်ငူ မီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နေပြည်တော်၊ ပျဉ်းမနားဘူတာမှ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဘူတာ အဝင်၊ အထွက်နေရာများစနစ်တကျရှိစေရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့်အညီ စနစ်တကျထိန်း

❖ **အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တွင်နေထိုင်သည့်လူဦးရေ၊ လာရောက်ကြည့်ရှုမည့် ပွဲကြည့်သူဦးရေတို့အပေါ် မူတည်တွက်ချက်၍ ၎င်းနှင့်ကိုက်ညီမည့် အဆင့်မီသည့်ပွဲကြည့်စင်များဖြစ်စေရေး ဆောင်ရွက်သွားရန်လို . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့်နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❖ **နိုင်ငံတော်၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကိုဖော်ထုတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ၏တန်ဖိုးပင်ဖြစ်၊ ကေတုမတီနန်းတော်ရာ၊ မြို့ရိုးနှင့်ကျုံးတို့သည် ဒဏ္ဍာရီမဟုတ်ဘဲ အမှန်တကယ်ရှိခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကြီးမားခဲ့သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့်အတွက် စနစ်တကျသုတေသနပြုလုပ်၍ ဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လို . . .**

သိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အသုံးပြုခြင်းမရှိသည့် မီးရထားသံလမ်းများအား ပြန်လည်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားသွားလာရေးစနစ်တွင် လမ်းများသည် အဓိကကျသည့်အတွက် လမ်းများကောင်းမွန်အောင် အလေးထား

နေပြည်တော်-တောင်ငူမီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ထားရှိမှု၊ မီးရထားလမ်းပိုင်း တစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့်



ကေတုမတီမြို့ဟောင်း ကျုံးပြန်လည်ဖော်ထုတ်ထိန်းသိမ်းထားမှုကို တွေ့ရစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့်အာဟာရဖျော်ရည်များ ထည့်သွင်း၍ မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

❖ **တောင်ငူဒေသတွင် ဆန်ဖွဲလုံမှုရှိပြီးဖြစ်သည့်အတွက် ဆန်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် ဖွဲ၊ ဆန်ကွဲများကို အသုံးပြု၍ တိရစ္ဆာန်အစာများထုတ်လုပ်ခြင်း၊ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်၊ ဒေသ၏အခြေခံအရင်းအမြစ်ကောင်းများကိုအသုံးချ၍ ရေကြီးရေနက်ကွင်းများ၌လည်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင် . . .**

ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ယင်းနောက် တောင်ငူဘူတာသို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**တောင်ငူမြို့ရှောင်**
**ရထားလမ်းဖောက်လုပ်နေမှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့ရှောင်ရထားလမ်းနှင့် တောင်ငူဘူတာအသစ်ဆောက်လုပ်မည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများကရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မြို့ရှောင်ရထားလမ်းဖောက်လုပ်ရာတွင် ရေထွက်ပေါက်များနှင့် ရထားလမ်းတာပေါင်များစနစ်တကျဖြင့် ခိုင်ခိုင်ခံ့ခံ့ဖြစ်စေရေးဆောင်ရွက်ရန်၊ ဘူတာသစ်ဆောက်လုပ်ရာတွင်လည်း နောင်တစ်ချိန်တွင် ဖြစ်ပေါ်တိုးတက်လာနိုင်သည့်မီးရထားခရီးစဉ်များနှင့် ခရီးသွားဦးရေကို ကြိုတင်တွက်ဆ၍ တွက်ချက်တည်ဆောက်သွားရန်လိုပြီး မီးရထားစကြံများနှင့် မီးရထားယာဉ်ဝင်းများကိုလည်း စနစ်တကျတည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

**တောင်ငူခရိုင်အားကစားကွင်း**
**အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်နေမှု**

ဆက်လက်၍ တောင်ငူခရိုင် အားကစားကွင်းသို့ရောက်ရှိကြရာ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တောင်ငူအားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တွင်နေထိုင်သည့်လူဦးရေ၊ လာရောက်ကြည့်ရှုမည့် ပွဲကြည့်သူဦးရေတို့အပေါ် မူတည်တွက်ချက်၍ ၎င်းနှင့်ကိုက်ညီမည့် အဆင့်မီသည့်ပွဲကြည့်စင်များဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် နောင်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီစွာဖြင့် တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုတင်ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာရောက်လေ့လာကြသည့် တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်းအားပေးစကားပြောကြားစဉ်။

ယင်းနောက် တောင်ငူမြို့အားကစားကွင်းနှင့်ပွဲကြည့်စင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

**ကေတုမတီမြို့ဟောင်းနှင့်ရှေးဟောင်း**
**ယဉ်ကျေးမှုအမွေအနှစ်များ**
**ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေး**

ထို့နောက် ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့ရိုး၊ ကျုံးနှင့်နန်းတော်ရာ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်သမ္မတသည် တောင်ငူကေတုမတီနန်းမြို့တော်နှင့် နန်းတော်ရာဟောင်းဖော်ထုတ်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ အနောက်ဘက်မြို့ရိုး စင်တံခါးအနီး မြို့ရိုးဖော်ထုတ်ထိန်းသိမ်းခြင်းဆောင်ရွက်နေမှု၊ မြောက်ဘက်ကျုံးနေရာတွင် ကျုံးမြို့ရိုးနှင့် နွံကျုံးများတူးဖော်ထားရှိမှု၊ ရေကျုံးနံရံပြုပြင်ထိန်းသိမ်းခြင်းနှင့်ကျောက်စီထားရှိမှု၊ ကျုံးရိုးလျှောက်လမ်းများ လက်ရန်းတပ်ဆင်ခြင်း၊ ကွန်ကရစ်ဘလောက်တုံးခင်းခြင်း၊ မြေယာရှုခင်းလုပ်ဆောင်ခြင်းများဆောင်ရွက်ထားရှိမှုတို့ကို နေရာတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့၏သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များ၊ နန်းမြို့ရိုးများနှင့်ကျုံးများသည် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည့်အတွက် တတ်စွမ်းသမျှဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် လိုကြောင်း၊ နိုင်ငံတော်၏သမိုင်းကြောင်းဆိုင်ရာအထောက်အထားများကိုဖော်ထုတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံ၏တန်ဖိုးပင်ဖြစ်ကြောင်း၊ ကေတုမတီနန်းတော်ရာ၊

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects development undertakings in Taungoo region, and gives directives




President U Min Aung Hlaing inspects excavation and preservation of ancient city of Ketumati.

NAY PYI TAW June 6

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Commander-in-Chief of Defence Services General Ye Win Oo and wife, union ministers, U Khin Maung Yi, U Mya Tun Oo, U Min Naung, U Myo Zaw Thein, U Myo Thant, senior military officers from the Office of the Commander-in-Chief, deputy ministers, and officials, inspected development undertakings in and around the Taungoo area and gave necessary guidance.

**The upgraded Nay Pyi Taw-Taungoo railroad**

The President and party inspected activities to upgrade Nay Pyi Taw-Taungoo railroad, to green and beautify the areas along the railroad, to grow crops, to ensure systematization of the outgoing and incoming trains at the station while travelling from Nay Pyi Taw to Taungoo by a special RBE coach. He looked into the requirements presented by officials, speaking of the need to run the operations in accord with the railway law, to keep unused rails systematically, to improve the rail tracts that are the core of the railway services. The President also looked into other requirements.

On arrival at Taungoo Railway Station, the President and party were welcomed by Bago Region Chief Minister U Myo Swe Win, Commander of Southern Command Maj-Gen Soe Kyaw Htet and officials.

**Taungoo railway bypass construction**

The President and party observed the Taungoo railway bypass construction site and new Taungoo station construction sites, and heard a report on the projects, presented by Union Minister for Transport and for Digital Development and Communications U Mya Tun Oo and officials.

Regarding the reports, the President pointed out the need to erect drainage outlets and railway embankments properly and to ensure their durability in building the railway detour, to calculate the possible rise in railway services and passenger population in the future in erecting the station and to systematically build the railway yards.

**Upgrading of Taungoo District sports ground**

During inspection of the Taungoo District sports ground, the President and party heard a report on the upgrading project, presented by officials of the Ministry of Sports and Youth Affairs and the chief minister.

In response, the President said the population of the town, the number of spectators should be taken into account in drawing the plans for the stands. Preparations for further upgrading projects must be aligned with possible population and urban development in the future. He also dealt with matters relating to raising the level of the sports ground and other issues.

The President then observed the stands of the sports ground and gave guidance on the upgrading project.

**Restoration and preservation of ancient Ketumati city and ancient cultural heritage**

The President inspected the ongoing restoration and

See Page - 21►►



President U Min Aung Hlaing hears a report on Taungoo railway bypass construction project and new Taungoo station construction project.



President U Min Aung Hlaing cordially converses with local farmers.

# President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla visit patients at People's General Hospital, Defence Services Hospital in Taungoo

NAY PYI TAW June 6

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Commander-in-Chief of Defence Services General Ye Win Oo and his wife, union ministers U Khin Maung Yi, U Mya Tun Oo, U Min Naung, U Myo Zaw Thein and U Myo Thant, senior military officers from the Office of the Commander-in-Chief, deputy ministers and officials, visited patients at the People's General Hospital and the Defence Services Hospital in Taungoo this morning.

First, the President and wife and party arrived at the People's General Hospital in Taungoo and were greeted by acting superintendent Dr Saw Thuya Kyi Pe and Healthcare staff. Then, the President and party asked about medical conditions of patients at the ophthalmology ward and ear, nose and throat ward individually and inspected healthcare services provided to them before presenting foodstuffs for them.

Then, the President inspected the hospital and explained plans to upgrade the hospital into a 300-bed one and to provide other basic needs and medical equipment, the need to carry out tasks for sanitation and pleasant views in the surrounding area of the hospital and gave instructions on other needs based on reports of officials.



President U Min Aung Hlaing asks after the health of a patient.



President U Min Aung Hlaing presents gift to a patient.

Then, the President and wife and party arrived at the local Defence Services Hospital in Taungoo and were greeted by responsible officers.

Afterward, the President and party individually asked about the medical conditions of Tatmadaw personnel who were receiving treatments at the hospital after sustaining injuries while performing national defence and security duties and presented cash rewards and foodstuffs for them.

Similarly, the wife of the President and party asked about the health of members of Tatmadaw families who were receiving treatments at the hospital and presented foodstuffs for them.

Then, the President asked about the needs for the hospital and gave necessary instructions while attending to the needs.

**Myawady**

▶▶ **From Page - 21**

each region must effectively and properly harness its existing favourable land and water resources and other advantages. In agricultural activities, rather than expanding cultivated acreage, efforts should focus on achieving target yields and ensuring multi-cropping capacity on existing farmland. It is also necessary to provide adequate irrigation and agricultural water. Since our country has faced challenges in systematically maintaining rivers and streams, there has been siltation, increased sedimentation, and diminished water resources. Therefore, river flow needs to be restored and preserved. Consequently, all implementation efforts in each sector must be carried out with long-term benefits for the region and the nation in mind.

Furthermore, building a developed and prosperous future nation can only be achieved through educated human resources. A decline in educated human resources is detrimental to the nation's future, and attention must be paid to this. Hence, administrative bodies must prioritize encouraging and ensuring all school-aged children in their regions receive an education. Only with good education can children have a better future. Awareness campaigns should be organized to promote this understanding.

In efforts to boost the national economy, it is necessary to create job opportunities for the public and enable them to genuinely work. Only when people have jobs and can work will they earn income, leading to economic development at individual, regional, and district levels, and subsequently, national economic growth. The government is doing its utmost to address challenges, including the current international fuel shortages, and other basic needs to enable employment. Therefore, these provisions for employment must be utilized efficiently and systematically. What is truly needed is to work and to have the willingness to work for oneself, one's region, and the nation. In implementing regional development, continuous study is required to overcome any difficulties or crises that may arise.

The President said he aims to implement Taungoo, Nay Pyi Taw, Yamethin, and Meikhtila as special development regions and is working toward that goal. From these regions, other towns will gradually become specially developed areas. Thus, efforts must be made for Taungoo, Nay Pyi Taw, Yamethin, and Meikhtila to become exemplary special development regions. These are central and midland areas that can connect to the upper, lower, eastern, and western parts of the country. They already possess favourable land, water conditions, and good infrastructure. Regional and state chief ministers and responsible officials need to systematically manage their respective areas to foster stronger development. During their tenure, they must strive to be a government that leaves a lasting legacy—one that serves the interests of both the nation and its citizens.

Afterward, the President and party arrived at the Shwe Wah Chicken Farm in Kyun Kone Village, Ketumati Myothit, where entrepreneur U Ye Win and officials welcomed them. They explained the status of layer hens, the use of locally available raw materials for feed production, the use of solar electricity for the evaporated cooling system, and market conditions. The President and party toured the layer hen facility using the evaporated cooling system, asked questions based on the officials' explanations, and provided necessary advice.

Subsequently, the President and party departed for Nay Pyi Taw by the special RBE train from Kyun Kone Station. **Myawady**

# Relief vehicles deliver supplies to Shweku, Kachin State

NAY PYI TAW June 6

The Head of State has directed continuous efforts to ensure regional peace and stability while promoting socio-economic development. In line with these directives, the Tatmadaw has been transporting construction materials required for regional development projects, school textbooks and stationery to support the education sector, and medicines and medical supplies for healthcare services to remote and hard-to-reach areas in several regions and states by aircraft and motor vehicles.

Vehicles carrying office supplies for departmental offices, as well as medicines and medical supplies for local healthcare services in Shweku, Kachin State, departed from Mandalay on June 4 and arrived in Shweku this afternoon via the Madaya–Thabeikkyin–Tagaung–Kattu–Nga O route, where they were welcomed by departmental officials.

The supplies are expected to support the socio-economic well-being of departmental staff and local ethnic communities, as well as enhance healthcare services in the area. Local residents have expressed their gratitude for the government's assistance, and the supplies will be distributed through the relevant authorities.

The Tatmadaw, in cooperation with departmental officials and local residents, has been actively supporting regional development efforts. Roads and bridges damaged by terrorist attacks have been repaired and reopened, enabling passenger and cargo vehicles to resume normal operations. As a result, local residents are now able to travel and conduct trade more conveniently and smoothly. It was reported that the government will continue to provide additional assistance and supplies in line with the needs of the region.

100



The photo shows the trucks carrying supplies for Shweku.



Military trucks carrying supplies entering Shweku.

# Three more illegal three-storey residential buildings used in committing online scams and gambling operations within the Shwe Kokko area were systematically demolished, bringing the total number of illegal buildings demolished to 39

NAY PYI TAW June 6


Joint departmental teams are completely demolishing illegal buildings and systematically destroying equipment used in operating online scams and gambling activities within the Shwe Kokko and KK Park areas of Myawady Township, Kayin State, where these operations were based, and it is reported that three more illegal three-storey residential buildings within the Shwe Kokko area were systematically demolished today.

It is reported that among the 77 buildings used in committing online scams and gambling operations within the Shwe Kokko area, the structures have been categorized according to their types—with 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by demolition blasting—and are being systematically demolished.


Today, out of the 57 buildings designated for demolition using heavy machinery, three more three-storey residential buildings were systematically demolished using vehicles and heavy machinery, making a total of 39 buildings systematically demolished to date, and it is reported that the remaining 38 illegal buildings to be destroyed will continue to be systematically demolished.

The State government, taking on the process of combating online scams and gambling as a national duty, is actively collaborating and coordinating with domestic forces as well as neighbouring countries to completely prevent these operations from basing themselves within Myanmar.

100




Destruction of illegal buildings used for online gambling businesses in Shwe Kokko area, Myawady District, Kayin State.




An illegal building in Shwe Kokko area, Myawady District, Kayin State, that was used for online gambling businesses, destroyed by machinery.




President U Min Aung Hlaing initiates means to facilitate the Taungoo District sports ground upgrading project.

►► **From Page - 18**

preservation work of the ancient cultural heritage sites in the old Ketumati city, including the city walls, moat, and palace area. The President reviewed the progress of uncovering and conserving the ancient royal palace and palace site of Taungoo Ketumati, the restoration of the western city wall near the Sin Gate, and the excavation of the city wall and silted moat in the northern moat area. The President also observed the repair and stone reinforcement of the moat embankments, the installation of railings along the moat walkways, the laying of concrete blocks, and landscaping work carried out in the area. The Chief Minister of Bago Region and officials reported on these sites.

In response to the reports, the President the royal palaces, city walls, and moats that hold historical significance in the country are invaluable ancient heritage sites. Therefore, it is necessary to make every effort to uncover, preserve, and safeguard them to the best of one's ability. The protection and conservation of the nation's historical evidence are considered a national asset. The Ketumati palace grounds, city walls, and moat are not myths but genuine ancient heritage sites with a rich historical tradition; therefore, systematic research, documentation, and preservation should be carried out. It is also necessary to protect and conserve ancient heritage sites in accordance with the law. In the reconstruction of roads connected to moat bridges, efforts should be made to ensure that they remain faithful to the original historical design and are durable and sustainable in the long term and gave other necessary measures. The President and party inspected the walls of Ketumati city by car and left necessary instructions.

The President visited the area near Hnasaungmyaing Village in Taungoo Township, where he observed the Department of Agriculture under the Ministry of Agriculture, Livestock and Irrigation conducting the harvesting of summer paddy sample plots. The President also inspected the application of low-cost, easily usable natural pesticides and nutrient solutions for crops as part of soil improvement activities, as well as a demonstration of rice husk charcoal production.

The President cordially conserved with local farmers and asked about agricultural tasks. Moreover, the President gave suggestions to local farmers to sort quality paddy seeds, meet the target cultivation and make better double cropping efforts.

**Guidance on development of Taungoo District**

The President held a meeting with district and township level departmental officials from Taungoo District of Bago Region at the hall of local airbase to talk about regional development measures.

The Bago Region Chief Minister reported on the undertaking the livestock activities in the region, cultivation of monsoon paddy, accomplishment of the guidance of the Head of State, implementation of acre-plots to upgrade agricultural tasks, rainfalls in Taungoo District in years, systematic utilization of agricultural lands, growing of crops to intensify cultivation capacity, efforts to achieve the target production per acre, cultivation of monsoon paddy, prevention of floods, food security in the region, plans to grow Yezin Pawsan rice, increased cultivation of oil crops and raising the oil security, cultivation of beans, coffee and vegetables, production of natural fertilizers, distribution of drum seeders, progress of livestock breeding and domestic chicken species, meat security in regions, export of products from MSME industries, efforts to develop education, health and rural socio-economic sectors, plans to grow monsoon crops in 2026-2027 financial year, cultivation of paddy strains in monsoon, and improvement of fertile soil.

In response, the President said that if agricultural activities are carried out on a plot-based system using machinery, it would be highly beneficial; therefore, farmers should be mobilized and encouraged to adopt such practices. Regarding coffee cultivation, since coffee is being developed as an export-oriented national product, increasing its cultivation and production would bring significant benefits to the country.



President of the Republic of the Union of Myanmar U Min Aung Hlaing discusses regional development with officials.

Union Minister for Construction U Myo Thant reported to the President on the formulation of the town plan to build new city of Taungoo, preparation for construction of new railway in the new city, including government offices, hospitals, schools, service facilities, resorts and greening areas.

**Guidance for development of the region**

Speaking on the occasion, the President said that Taungoo District is being implemented as a special development zone, with regional development initiatives also being promoted in connection with Nay Pyi Taw. By developing the Taungoo region, people in other related areas would also be inspired and motivated to work for the development of their own regions. Residents of the Taungoo area were encouraged to consider and plan how they can contribute to the development of their region. Although agriculture and livestock breeding are the main economic activities in the Taungoo region, in the long term it is necessary to promote production-based industries and MSME enterprises that are built on the agricultural and livestock sectors. In addition to ensuring local food self-sufficiency, efforts should also be made to enable the sale of products to external markets. It is necessary to promote the development of agro-based industrial manufacturing in order to drive overall regional development.

**In the Taungoo region, where rice is already sufficient, the by-products from rice production—such as bran and chaff—can be used to produce animal feed and rice bran oil. By utilizing the region's favourable natural resources, fish farming can also be successfully carried out in both large and small bodies of water.** Furthermore, fish-based industrial production can be successfully developed. Similarly, expanding the breeding of chickens, ducks, goats, pigs, and cattle will lead to the growth of the local livestock industry. By successfully managing local agriculture and livestock farming, residents will be able to affordably and abundantly consume various meats, fish, eggs, dairy products, vegetables, and basic food items. Therefore, local agriculture and livestock farming need to be further developed. To achieve this, there is a need for knowledgeable and skilled human resources in agriculture and livestock farming.

The government, in implementing national economic development, must rely on basic statistical data to formulate plans and projects. Thus, accurate and reliable baseline data must be systematically compiled and submitted by each region. Moreover, our country needs to utilize land productively, and

**See Page - 19►►**

# (၁၀)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇွန် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရ၏ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇွန်လ ၅ ရက်က လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Asia Pacific Leaders Malaria Alliance (APLMA) တို့ပူးပေါင်းကျင်းပသည့် (၁၀)ကြိမ်မြောက် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ အာရှ-ပစိဖိတ်ဒေသခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Sonexay Siphandone က အဖွင့်အမှာစကားပြောကြားပြီး လာအိုနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Madam Baykham Khattiya နှင့် ပြည်ထောင်စုဝန်ကြီးတို့က ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါကင်းစင်ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ရရှိထားသည့်အောင်မြင်မှုများ၊ တွေ့ကြုံလာရသည့် စိန်ခေါ်မှုအသစ်များ၊ မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအချင်းချင်း၊ အထူးသဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် GMS Malaria Elimination in 2030: Celebrating Progress and Acknow-ledging the Need for a Differentiated Approach ခေါင်းစဉ်ဖြင့် ကျင်းပသည့် High-level Round-table Discussion သို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် ကျန်းမာရေးအရာရှိကြီးများ၊ APLMA မှ တာဝန်ရှိသူများ၊ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်အတူတက်ရောက်၍ မြန်မာနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ငှက်ဖျားရောဂါပပျောက်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍




ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များက ၂၀၁၈ ခုနှစ်က နေပြည်တော်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် Joint Call to action to Malaria Elimination in the Greater Mekong Subregion နှင့်ပတ်သက်၍ ထပ်လောင်းအတည်ပြုနိုးဆော်ချက်အား လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးအောင်ကိုတို့သည် အစည်းအဝေးကျင်းပသည့် ဗီယင်ကျန်းမြို့ Holiday Inn & Suites Vientiane အစည်းအဝေးခန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး Dr. Yong Zhang နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ကူးစက်တတ်သောရောဂါများကာကွယ်တားဆီးရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ၊ ကျန်းမာရေးဝန်ကြီး H.E.Madam Baykham Khattiya (မဒမ်ဗေခမ်ခပ်တီးယား)ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာ-လာအိုနှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနများအကြား MoU လက်မှတ်ရေးထိုးနိုင်ရေး၊ နှစ်နိုင်ငံ ဆေးဝါးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နှစ်နိုင်ငံ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တွေ့ဆုံ



**ပုဂံ ဇွန် ၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI)အဖွဲ့မှ ပညာရှင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် မီးငြိမ်းကုန်းဂူဘုရား၊ မဟာဗောဓိဂူဘုရားနှင့် နတ်လှောင်ကျောင်းကိုလည်းကောင်း၊ နိုင်ငံပိုင် ပုဂံသံတဲဟိုတယ်နှင့် တရုတ်-မြန်မာချစ်ကြည်ရေး ပြန်လည်ပြုပြင်ထိန်းသိမ်းရေး စီမံကိန်းဆောင်ရွက်နေသည့် သဗ္ဗညုဂူဘုရားကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငကျွဲနားငွှေင်းဘုရားအုတ်မြစ်တူးဖော်သုတေသနလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုလုပ်ငန်းများကို စနစ်တကျအရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်လယ်ဝေးမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာခန်းမ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးမျိုးများပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာရှိ "ပိုင်ပိုင်"ဝါးတူစက်ရုံ၏လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုနှင့် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ တောင်သူဦးပြည့်စုံ၏ စိုက်ပျိုးမြေ ၄ ဧကတွင် Power Harrow ဖြင့် ဘီးကတ်သုံးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လုပ်ငန်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)



**၆-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ(၇,၀၅၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အာဖရိကအလယ်ပိုင်း အီဘိုလာကူးစက်မှု အတည်ပြုလူနာ ၅၀၀ နီးပါးရှိလာ

ဂျီနီဗာ၊ ကျန်းမာရေး

အာဖရိကအလယ်ပိုင်းဒေသ၌ ပြင်းထန်စွာကူးစက်ပျံ့နှံ့နေသော အီဘိုလာရောဂါကြောင့် အတည်ပြုလူနာဦးရေ ၅၀၀ နီးပါး အထိရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဇွန်လ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

WHO ၏ နေ့စဉ်အခြေအနေပြ အစီရင်ခံစာအရ လွန်ခဲ့သည့်သုံးပတ်ခန့်က ရောဂါစတင်ဖြစ်ပွားသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကြောင့် သေဆုံးသူ ၈၂ ဦးအပါအဝင် အတည်ပြုလူနာ ၄၅၂ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကွန်ဂိုနိုင်ငံ၏အိမ်နီးချင်း ယူဂန်ဒါနိုင်ငံတွင်လည်း သေဆုံးသူ နှစ်ဦးအပါအဝင် အတည်ပြုလူနာ ၁၉ ဦးအထိ တွေ့ရှိထားသည်။ ပြီးခဲ့သည့်ရက်ပိုင်းမှာပင် အတည်ပြုလူနာ ၁၀၀ နှင့် သေဆုံးသူ ၂၀ အထိတိုးပွားလာခြင်းဖြစ်သည်။

Ref: ST

# ကူဝိတ်နှင့် ဘာရိန်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို အီရန်က လက်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်



တီဟီရန်၊ စစ်ရေး

အမေရိကန်က အီရန်နိုင်ငံတောင်ပိုင်းရှိ ကက်ကျွန်းနှင့် ဆီရစ်ခရိုင်တို့ကို တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ယင်းတိုက်ခိုက်မှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံ၏ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ကူဝိတ်နှင့် ဘာရိန်းတို့ရှိ အမေရိကန်၏ စစ်အခြေစိုက်စခန်းများကို ဇွန်လ ၆ ရက် အစောပိုင်းတွင် တိုက်ခိုက်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ကူဝိတ်ရှိ အလီအယ်ဆာလမ်လေတပ်စခန်းနှင့် ဘာရိန်းရှိ အမေရိကန်ရေတပ် ဌာနချုပ်တို့ကို အမြင့်ပျံဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တရားဝင်သတင်းစာတွင် ဖော်ပြထားသည်။

ထို့ပြင် ရေနံတင်သင်္ဘောလေးစင်းသည် အမေရိကန်စစ်ဘက်၏ လမ်းညွှန်မှုဖြင့် အစောင့်တပ်ဖွဲ့ ရေတပ်၏သတိပေးချက်ကိုလျစ်လျူရှုပြီး ဟော်မုဇ်ရေလက်ကြားမှ တရားမဝင်ထွက်ခွာရန် ကြိုးပမ်းခဲ့သောကြောင့် သတိပေးပစ်ခတ်မှုများ ပြုလုပ်လိုက်ရသည်ဟု အီရန်ဘက်က ဆိုသည်။ ယင်းနောက် အမေရိကန်ဒရုန်းများက အီရန်ဆက်သွယ်ရေးတာဝါတိုင်များကို လာရောက်တိုက်ခိုက်သဖြင့် ယခုကဲ့သို့ လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းကလည်း အီရန်၏ ဒုံးကျည်နှင့် ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်ပျက်စီးကာ လူတစ်ဦးသေဆုံးပြီး ၆၃ ဦး ဒဏ်ရာရရှိသဖြင့် ဒေသတွင်းစစ်ရေးတင်းမာမှုများ ပိုမိုမြင့်တက်လာလျက်ရှိကြောင်း လေ့လာသူများက ပြောသည်။

Ref: Xinhua

# အမေရိကန်က တောင်ကိုရီးယားသို့ JDAM ပဲ့ထိန်းဗုံးများရောင်းမည်

ဝါရှင်တန်၊ စစ်လက်နက်

အမေရိကန်က အာရှဒေသရှိ မဟာမိတ်နိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်နိုင်ရန် JDAM တိကျပဲ့ထိန်းဗုံးများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချပေးမည့်အစီအစဉ်ကို အမေရိကန်အစိုးရက ခွင့်ပြုလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အစိုးရအချင်းချင်း တိုက်ရိုက်ရောင်းချမည့် ပြည်ပစစ်ဘက်အရောင်းအဝယ် အစီအစဉ်အရ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၀၆ သန်း တန်ဖိုးရှိမည့် အဆိုပါလက်နက်အရောင်းအဝယ်ကိစ္စကို အမေရိကန်လွှတ်တော်သို့ အကြောင်းကြားစာပေးပို့၍ ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဘိုးအင်းကုမ္ပဏီထုတ် KMU-557 JDAM အမြီးပိုင်းတပ်ဆင်ကိရိယာ ၇၀၈ စုံ၊ KMU-572 JDAM လမ်းညွှန်ထိန်းချုပ်စနစ် ၅၈ စုံအပါအဝင် လက်နက်အထောက်အကူပြုပစ္စည်းများ၊ အမေရိကန်၏နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများကို ဝယ်ယူရန် တောင်းဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

Ref: Yonhap

# အမေရိကန်၏ အရန်ရေနံစိမ်းပမာဏ အနိမ့်ဆုံးအဆင့်သို့ နီးကပ်လာ

ဟူစတန်၊ ရေနံ

အရှေ့အလယ်ပိုင်းစစ်ပွဲကြောင့် ကမ္ဘာ့ရေနံထောက်ပံ့မှုကွင်းဆက်အကြီးအကျယ်ပြတ်တောက်နေခြင်းကို ဖြည့်ဆည်းနိုင်ရန် ကမ္ဘာတစ်ဝန်းရှိ ရေနံချက်စက်ရုံများက အလုအယက်ဝယ်ယူသဖြင့် အမေရိကန်၌ အရန်ရေနံစိမ်းပမာဏ အနိမ့်ဆုံးအဆင့်သို့ သိသိသာသာ လျော့နည်းလာနေပြီဖြစ်ကြောင်းသိရသည်။

အမေရိကန်ရှိ ကူးရှင်းမြို့သည် ကမ္ဘာ့အကြီးဆုံး ရေနံသိုလှောင်မှုဗဟိုချက်များထဲတွင် အပါအဝင်ဖြစ်ပြီး စစ်ပွဲစတင်ချိန်တွင် အီရန်က ဟော်မုဇ်ရေလက်ကြားကို ပိတ်လိုက်ခြင်းကြောင့် ရေနံသိုလှောင်ကန်များအတွင်းရှိ ရေနံပမာဏမှာ လျင်မြန်စွာကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ယခင်က တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း သန်း ၂၀ ခန့် ဖြတ်သန်းစီးဆင်းနေသည့် အဆိုပါရေလက်ကြား ပိတ်ဆို့ခံရမှုကြောင့် စစ်ပွဲစတင်ချိန်မှစ၍ ကမ္ဘာ့ရေနံထောက်ပံ့မှုကွင်းဆက်တွင် စည်ပေါင်းတစ်ဘီလီယံကျော် ဆုံးရှုံးရသည်။ မေလ ၂၉ ရက်အထိ ကူးရှင်းမြို့တွင် အရန်ရေနံစိမ်းစည်ပေါင်း ၂၂ ဒသမ ၄ သန်းခန့်သာ ကျန်ရှိတော့ကြောင်း အမေရိကန်တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ Ref: BP

# စိန့်ပီတာစဘတ်မြို့ ယူကရိန်း၏ဒရုန်းများဖြင့် အကြီးအကျယ်တိုက်ခိုက်မှုခံရ

စိန့်ပီတာစဘတ်၊ စစ်ရေး

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့သည် ဇွန်လ ၆ ရက်တွင် ယူကရိန်း၏ဒရုန်းများဖြင့် အကြီးအကျယ်တိုက်ခိုက်မှုခံရကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။ နံနက်အစောပိုင်းအချိန်က ပြုလုပ်ခဲ့သော အဆိုပါတိုက်ခိုက်မှုအတွင်း ဒရုန်းအစင်းရေ ၁၄၀ ကျော်ကို ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း လီနင်ဂရက် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး အလက်ဇန်းဒါးအရော့ဒန်ကိုက လူမှုကွန်ရက်တွင် ရေးသားထားသည်။

စိန့်ပီတာစဘတ်မြို့အနေဖြင့် တိုက်ခိုက်မှုခံရချိန်တွင် လေကြောင်းရန်သတိပေးချက်များထုတ်ပြန်ပြီး ဒေသခံများကိုအိမ်ထဲ၌သာနေရန် တာဝန်ရှိသူများက သတိပေးခဲ့ရသည်။ ထိုသို့တိုက်ခိုက်မှုများကြောင့် ပူကိုဗိုလေဆိပ်၏ လုပ်ငန်းလည်ပတ်မှုများကို ယာယီရပ်ဆိုင်းရကာ လေကြောင်းခရီးစဉ်အမြောက်အမြား နှောင့်နှေးကြန့်ကြာရသည့်အပြင် လေယာဉ်ဆင်းသက်မှုအချို့ကိုလည်း အခြားလေဆိပ်များသို့ လွှဲပြောင်းပေးလိုက်ရသည်။

နိုင်ငံပေါင်း ၁၃၀ ကျော်မှကိုယ်စားလှယ်များ တက်ရောက်နေသည့် စိန့်ပီတာစဘတ်စီးပွားရေးဖိုရမ်၏ဖွင့်ပွဲနေ့ဖြစ်သော ဇွန်လ ၃ ရက်တွင်လည်း ယခုကဲ့သို့ ဒရုန်းတိုက်ခိုက်မှုဖြစ်ပွားသည်။ ယူကရိန်းသမ္မတ ဇီလန်စကီက ရုရှားနှင့်ဆွေးနွေးလိုကြောင်း အိတ်ဖွင့်ပေးစာပေးပြီးနောက် ယခုတိုက်ခိုက်မှုကိုလုပ်ခြင်းဖြစ်သည်။ Ref: RT



# လာအို၌ ဂူအတွင်းပိတ်မိနေသူ နောက်ဆုံးနှစ်ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်မှု ရပ်ဆိုင်း



ဗီယန်ကျင်း၊ ကယ်ဆယ်ရေး

လာအိုနိုင်ငံရှိ ရေတစ်ဝက်မြုပ်နေသော ဂူတစ်ခုအတွင်း နှစ်ပတ်ကျော်ကြာ ပိတ်မိလျက်ရှိသော နောက်ဆုံးအမျိုးသားနှစ်ဦးကို ရှာဖွေရေးလုပ်နေသည့် လုပ်ငန်းစဉ်ကို ဂူတည်ဆောက်ပုံ မတည်ငြိမ်တော့ခြင်းနှင့် အသက်ရှင်ကျန်ရစ်နိုင်ခြေနည်းလာခြင်းတို့ကြောင့် ဇွန်လ ၆ ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်မှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် လိုဏ်ဂူအတွင်းပိတ်မိနေသူများအနက် ငါးဦးကို ပြီးခဲ့သည့်သီတင်းပတ်တွင် အသက်ရှင်လျက်ရှာဖွေတွေ့ရှိပြီး မေလ ၂၉ ရက်တွင် တစ်ဦးနှင့် မေလ ၃၀ ရက်တွင် လေးဦးတို့ကို ဂူအတွင်းမှ ရေများစုပ်ထုတ်ကာ ရေငုပ်သမားများ၏အကူအညီဖြင့် အောင်မြင်စွာ ကယ်ထုတ်ထားနိုင်ခြင်းဖြစ်သည်။ သို့သော် လိုဏ်ဂူအတွင်းကျန်နေသည့် ရွာသားနှစ်ဦးကိုမူ လာအိုနှင့် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များက အပြင်းအထန်ရှာဖွေကြသော်လည်း ယနေ့အချိန်အထိ ပျောက်ဆုံးနေဆဲဖြစ်သည်။

မေလ ၂၈ ရက်ကတည်းက ကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်ခဲ့သည့် မလေးရှားရေငုပ်သမား လီကီယန်လိုင်းက ရှာဖွေမှုကို ဆက်လုပ်ပါက ကြုံတွေ့ရမည့် အန္တရာယ်မှာ အသက်ရှင်လျက်ကယ်တင်နိုင်မည့် မျှော်လင့်ချက်ထက် ပိုမိုကြီးမားနေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းကို ရပ်နားလိုက်ရခြင်းဖြစ်ကြောင်းပြောသည်။

Ref: ST

# မျက်ကွယ်ပြုထားလို့မရတဲ့ အာရှတိုက်ငယ်ထဲက လက်နက်အပြိုင်တပ်ဆင်ပွဲ - ၁




ဒီနေ့ခေတ်ရဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေးကိုကြည့်ရင် ဥရောပမှာဖြစ်နေတဲ့ ယူကရိန်းစစ်ပွဲ ဒါမှမဟုတ် အရှေ့အလယ်ပိုင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေကိုပဲ လူပြောများနေကြတာ သတိထားမိကြမှာပါ။ ဒါပေမဲ့ အာရှတိုက်ငယ်လို့တင်စားရတဲ့ တောင်အာရှဒေသအတွင်းမှာလည်း တိတ်တဆိတ်နဲ့ အရှိန်အဟုန်ပြင်းပြင်းဖြစ်ပွားနေတဲ့၊ လုံးဝမျက်ကွယ်ပြုထားလို့မရတဲ့ လက်နက်အပြိုင်တပ်ဆင်ပွဲကြီးတစ်ခုရှိနေပါတယ်။ အထူးသဖြင့် ပါကစ္စတန်၊ တရုတ်နဲ့ အိန္ဒိယတို့ကြား စစ်ရေးအင်အား အားပြိုင်မှုဟာ အခု ၂၀၂၆ ခုနှစ်ထဲမှာ သိသိသာသာအရှိန်မြင့်တက်လာနေပြီဖြစ်ပါတယ်။

မကြာသေးခင်ကပဲ ပါကစ္စတန်လေတပ် (PAF) ကို ခေတ်မီအောင်အဆင့်မြှင့်တင်ဖို့အတွက် ပါကစ္စတန်ဟာ တရုတ်နိုင်ငံနဲ့ သမိုင်းဝင်စစ်ရေးသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒါကတော့ တရုတ်ရဲ့ ပဥ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ဖြစ်တဲ့ Shenyang J-35 (ပြည်ပပို့ကုန်အမျိုးအစား J-35AE) အစင်းရေ ၄၀ အထိ ဝယ်ယူသွားမယ့်အစီအစဉ်ပဲဖြစ်ပါတယ်။

အဲဒီသဘောတူညီချက်ကြောင့် ပါကစ္စတန်ဟာ တရုတ်ရဲ့ အဆင့်မြင့်ကိုယ်ပျောက်တိုက်လေယာဉ်ကို ကမ္ဘာပေါ်မှာ ပထမဆုံးဝယ်ယူအသုံးပြုခွင့်ရရှိတဲ့ ပြည်ပဖောက်သည်ဖြစ်လာပါတယ်။ အစီအစဉ်အရ ပါကစ္စတန်ဟာ J-35 တိုက်လေယာဉ်ရဲ့ ပထမဆုံးအသုတ်ကို အခုနှစ်နှောင်းပိုင်းမှာ စတင်လက်ခံရရှိမှာဖြစ်ပြီး ပါကစ္စတန်လေတပ်ကို တောင်အာရှဒေသတွင်းမှာ ပဥ္စမမျိုးဆက်တိုက်ခိုက်ရေးလေယာဉ်ကို အဦးဆုံးပိုင်ဆိုင်မောင်းနှင်မယ့် လေတပ်ဖြစ်လာစေမှာပါ။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ ပြီးခဲ့တဲ့ ဧပြီလတုန်းကလည်း ပါကစ္စတန်ဟာ တရုတ်နိုင်ငံက တည်ဆောက်ပေးတဲ့ Hangor-class ရေငုပ်သင်္ဘောရှစ်စင်းအနက် ပထမဆုံးတစ်စင်းကို ရေချပြနိုင်ခဲ့ပါတယ်။ ဒါဟာ ပေကျင်းနဲ့ အစ္စလာမ်မာဘတ်တို့ကြား ရေအောက်စစ်ဆင်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေပြီး ပါကစ္စတန်ရေတပ်ရဲ့ ရေအောက်စစ်ရေယာဉ်စုကို သိသိသာသာ တိုးချဲ့လိုက်တာပဲဖြစ်ပါတယ်။ Hangor-class ရေငုပ်သင်္ဘောတွေဟာ နည်းပညာမြင့်မားပြီး လျှပ်စစ်-ဒီဇယ်စွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများဖြစ်ပါတယ်။ သူတို့မှာလေရှူစရာမလိုဘဲ ရေအောက်မှာ အချိန်ကြာမြင့်စွာငုပ်လျှိုးနိုင်တဲ့စနစ် (Air-Independent Propulsion – AIP) ပါဝင်တဲ့အပြင် ခေတ်မီအာရုံခံကိရိယာတွေနဲ့ အဝေးထိန်းအချက်ပြစနစ်တွေ၊ အကြီးစားတိုပီဒိုလိုမျိုး ဖျက်အားပြင်းလက်နက်တွေ တပ်ဆင်ထားတာကြောင့် ရေအောက်စစ်ဆင်ရေးမှာ ကြောက်စရာကောင်းတဲ့ လက်နက်တွေဖြစ်လာပါတယ်။

### တရုတ်-ပါကစ္စတန် မဟာဗျူဟာမြောက် မဟာမိတ်ပြုခြင်း

ပါကစ္စတန်နဲ့တရုတ်တို့ရဲ့ဆက်ဆံရေးက သာမန်ဆက်ဆံရေးမျိုးမဟုတ်ပါဘူး။ သူတို့ကဘယ်လိုပုံစံ၊ ဘယ်လိုအခြေအနေမျိုးမှာမဆို အတူတူရပ်တည်ကြမယ့် "All-weather strategic cooperative partnership"အဖြစ် ခိုင်ခိုင်မာမာတည်ဆောက်ထားကြတာပါ။ လက်ရှိတရုတ်နိုင်ငံက ပါကစ္စတန်ရဲ့ အဓိကစစ်လက်နက်ပစ္စည်း ထောက်ပံ့ပေးသွင်းသူဖြစ်ပါတယ်။

ကမ္ဘာ့လက်နက်အရောင်းအဝယ်ကို စောင့်ကြည့်လေ့လာတဲ့ စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအဖွဲ့ (SIPRI) ရဲ့ အစီရင်ခံစာအရ ၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၄ ခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံက ပြည်ပမှဝယ်ယူတဲ့ စစ်လက်နက်ပစ္စည်းစုစုပေါင်းရဲ့ ၈၁ ရာခိုင်နှုန်းခန့်ဟာ တရုတ်နိုင်ငံကနေ လာတာဖြစ်တယ်လို့သိရပါတယ်။ အဲဒီထဲမှာ အဆင့်မြင့်တိုက်လေယာဉ်တွေ၊ ရေငုပ်သင်္ဘောတွေနဲ့ စစ်သုံးဒရုန်းတွေ ပါဝင်ပါတယ်။

ဒီလိုမဟာမိတ်ဖွဲ့မှုကို "Threshold Alliance" လို့တောင် တင်စားခေါ်ဝေါ်ကြပြီး ဒါဟာ သာမန်လက်နက်အရောင်းအဝယ်ထက်ပိုပါတယ်။ သူတို့ကြားမှာ ကျယ်ပြန့်တဲ့နည်းပညာလွှဲပြောင်းပေးမှုတွေ၊ ပူးတွဲထုတ်လုပ်မှုတွေအထိပါဝင်ပါတယ်။ ဥပမာအားဖြင့် ပါကစ္စတန်လေကြောင်းဆိုင်ရာအဖွဲ့ (PAC) နဲ့ တရုတ်နိုင်ငံရဲ့ Chengdu Aircraft Corporation တို့ ပူးပေါင်းပြီး စတုတ္ထမျိုးဆက် အပေါ့စားဘက်စုံသုံး တိုက်လေယာဉ် JF-17 ကို အတူပူးတွဲထုတ်လုပ်ခဲ့ကြတာမျိုးဖြစ်ပါတယ်။ ဒေသတွင်း လုံခြုံရေးစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် သူတို့နှစ်နိုင်ငံတပ်မတော်တွေဟာ နည်းပညာပိုင်းနဲ့ စစ်ဆင်ရေးပိုင်းမှာ အပြန်အလှန်အဆင်ပြေပြေ ပေါင်းစပ်လုပ်ကိုင်နိုင်စွမ်းကိုလည်း တော်တော်လေးမြှင့်တင်ထားကြပါတယ်။

အခု ၂၀၂၆ ခုနှစ် အစောပိုင်းစာရင်းတွေအရကြည့်မယ်ဆိုရင် ပါကစ္စတန်ဟာ ကမ္ဘာပေါ်မှာ ပဥ္စမမြောက် လက်နက်အများဆုံးတင်သွင်းတဲ့နိုင်ငံဖြစ်လာနေပြီး တရုတ်နိုင်ငံရဲ့ပြည်ပပို့စစ်လက်နက်ပစ္စည်းစုစုပေါင်း ၆၀ ရာခိုင်နှုန်းဟာ ပါကစ္စတန်နိုင်ငံဆီကိုပဲ တိုက်ရိုက်ဦးတည်ရောက်ရှိနေတာဖြစ်ပါတယ်။ အဓိကဝယ်ယူမှုတွေထဲမှာ J-10CE တိုက်လေယာဉ်တွေ၊ JF-17 ဂျက်လေယာဉ်တွေနဲ့ အထက်မှာပြောခဲ့တဲ့ Hangor-class ရေငုပ်သင်္ဘောရှစ်စင်းပါဝင်ပါတယ်။ သူတို့ရဲ့ ဆက်ဆံရေးဟာ လက်နက်ရောင်းသူဝယ်သူအဆင့်ထက်ကိုကျော်လွန်ပြီး JF-17 တွေနဲ့ မောင်းသူမဲ့ တိုက်ခိုက်ရေးဒရုန်းတွေကို အတူတကွ ပူးတွဲထုတ်လုပ်တဲ့အဆင့်အထိ ရောက်ရှိနေတာပါ။

ဒါတင်မကသေးပါဘူး။ တရုတ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့မှ တပ်မတော်နှစ်ရပ်ဟာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေအလိုက် ပုံမှန်အဆင့်မြင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကိုအမြဲတမ်းလုပ်ဆောင်နေပြီး စစ်ဆင်ရေးတွေမှာ တစ်တပ်နဲ့တစ်တပ် ဘယ်လိုမျိုးပူးပေါင်းလုပ်ဆောင်မလဲဆိုတာကိုပဲ အဓိကဖောက်ချလေ့ကျင့်နေကြပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ရခြင်းရဲ့ နောက်ကွယ်ရှိ အဓိကမဟာဗျူဟာမြောက် ရည်မှန်းချက်ကတော့ ဒေသတွင်းစစ်ရေးအင်အားချိန်ခွင်လျှာကို ထိန်းညှိထားဖို့ပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ အာရေဘီယံပင်လယ်အတွင်း ပါကစ္စတန်ရေတပ်အင်အားတိုးချဲ့မှုကို တက်တက်ကြွကြွနဲ့ကူညီပေးနေပြီး ရေကြောင်းကင်းလှည့်စောင့်ကြည့်မှုနဲ့ စစ်ဆင်ရေးစွမ်းရည်တွေကိုပါ မြှင့်တင်ပေးနေပါတယ်။ ပြီးခဲ့တဲ့ အိန္ဒိယနဲ့ပါကစ္စတန် စစ်ရေးတင်းမာမှုဖြစ်ပွားစဉ်ကလည်း ပါကစ္စတန်ဟာ တရုတ်ဆီကရထားတဲ့ စစ်လက်နက်ပစ္စည်းတွေကို ထိရောက်စွာအသုံးချခဲ့ပြီး ဒါဟာ အဆိုပါစနစ်တွေရဲ့ စစ်မြေပြင်အသုံးတည့်မှုကို သက်သေပြလိုက်တာပဲဖြစ်ပါတယ်။ အဲဒီပဋိပက္ခအတွင်းမှာ တရုတ်နိုင်ငံက ပါကစ္စတန်ကို ထောက်လှမ်းရေးဆိုင်ရာသတင်းတွေ၊ ဂြိုဟ်တုဆက်သွယ်ရေးအကူအညီအပြင် လျှို့ဝှက်ရေဒါကွန်ရက်အထိ ပံ့ပိုးပေးခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ လေကြောင်းအင်ဂျင်နီယာတွေနဲ့ နိုင်ငံတော်အဆင့်ကျွမ်းကျင်ပညာရှင်တွေဟာ ပါကစ္စတန်စစ်မြေပြင်အထိ ကိုယ်တိုင်လာရောက်ကာ ပါကစ္စတန်အနေနဲ့ စစ်လက်နက်ပစ္စည်းတွေကို အကောင်းဆုံးအသုံးချနိုင်အောင် ကွင်းဆင်းကူညီပေးခဲ့ကြပါတယ်။

မကြာသေးခင်က ပါကစ္စတန်ရေတပ်အတွက်တရုတ်နိုင်ငံကတည်ဆောက်ပေးတဲ့ အဆင့်မြင့်ရေငုပ်သင်္ဘောတွေကို တပ်တော်သွင်းပြီးနောက် ကျန်ရှိနေတဲ့ရေငုပ်သင်္ဘောတွေကိုတော့ နည်းပညာလွှဲပြောင်းရယူပြီး ပါကစ္စတန်ပြည်တွင်းမှာပဲ ကိုယ်တိုင်ဆက်လက်တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နဲ့ ပါကစ္စတန်ရဲ့ဆက်ဆံရေးကို အခုအခါမှာ "လက်ချင်းချိတ်ညီအစ်ကိုများ" လို့ တင်စားခေါ်ဝေါ်လာကြပြီး တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ (CPEC) ရဲ့ လုံခြုံရေးအပါအဝင် သူတို့ရဲ့ဘုံအကျိုးစီးပွားတွေကို ကာကွယ်ဖို့ အဓိကရည်ရွယ်ထားကြပါတယ်။ တရုတ်နိုင်ငံရဲ့ အလုံးအရင်းနဲ့ ပံ့ပိုးကူညီပေးမှုတွေကြောင့် ပါကစ္စတန်ဟာ အချို့သော စစ်ရေးကဏ္ဍတွေမှာ အိန္ဒိယထက် သိသိသာသာ ရှေ့ပြေးစပြုလာပြီဖြစ်လို့ ဒါဟာ တောင်အာရှဒေသတွင်းမှာ ပြင်းထန်တဲ့ စစ်လက်နက်အပြိုင်တပ်ဆင်ပွဲကြီးတစ်ခုဖြစ်လာစေဖို့ ဝန်းကျင်ကောင်းကို ဖန်တီးပေးလိုက်သလိုဖြစ်နေပါတယ်။

### သာမန်ရေငုပ်သင်္ဘောများနှင့် အဆင့်မြင့်ဂျက်တိုက်လေယာဉ်များ

ပါကစ္စတန်နိုင်ငံက တရုတ်နိုင်ငံဆီကနေရရှိခဲ့တဲ့ ရေတပ်ဆိုင်ရာ အကြီးမားဆုံး လက်နက်ဝယ်ယူမှုက ဒေါ်လာ ၅ ဘီလီယံတန်ကြေးရှိတဲ့ Hangor-class (AIP စနစ်သုံး) ရိုးရိုးရေငုပ်သင်္ဘောရှစ်စင်း ဝယ်ယူရေးစာချုပ်ပဲဖြစ်ပါတယ်။ ဒီစာချုပ်အရ ပထမဆုံး ရေငုပ်သင်္ဘောလေးစင်းကို တရုတ်နိုင်ငံ ဝူဟန်မြို့မှာရှိတဲ့ China Shipbuilding Industry Corporation က တည်ဆောက်မှာဖြစ်ပြီး ကျန်ရှိတဲ့လေးစင်းကိုတော့ နည်းပညာလွှဲပြောင်းရယူကာ ကရာချိသင်္ဘောကျင်းမှာပဲ ပါကစ္စတန်နိုင်ငံသားတွေကိုယ်တိုင် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါဟာ ပါကစ္စတန်ရဲ့ ရေကြောင်းတိုက်ခိုက်ရေးစွမ်းရည်ကို အဆမတန်မြင့်တက်သွားစေမှာသေချာပါတယ်။

ဒီအရောင်းအဝယ်ဟာ တရုတ်နိုင်ငံရဲ့ သမိုင်းတစ်လျှောက် အကြီးမားဆုံး စစ်လက်နက်ပစ္စည်း ပြည်ပပို့ကုန်စာချုပ်လည်းဖြစ်ပါတယ်။ အဲဒီရေငုပ်သင်္ဘောတွေကို တရုတ်ရဲ့ Type 039B သို့မဟုတ် Yuan-class ရေငုပ်သင်္ဘောပုံစံကို အခြေခံပြီး မွမ်းမံတည်ဆောက်ထားတာပါ။ သင်္ဘောတစ်စင်းစီမှာ စစ်သည် ၃၈ ဦးအထိ တင်ဆောင်နိုင်ပြီး အဆင့်မြင့်တဲ့တိုပီဒိုတွေ၊ သင်္ဘောဖျက်ဒုံးကျည်တွေနဲ့ ရေငုပ်သင်္ဘောကနေ ပစ်ခတ်နိုင်တဲ့ Babur-3 အနိမ့်ပျံဒုံးကျည်တွေကိုပါ သယ်ဆောင်ပစ်ခတ်နိုင်စွမ်းရှိပါတယ်။

ဒီစာချုပ်ကို ၂၀၁၅ ခုနှစ်ကတည်းက စတင်ချုပ်ဆိုခဲ့တာဖြစ်ပြီး ဒါဟာ ပါကစ္စတန်ရဲ့ ရေပြင်အခြေပြုစစ်ရေးဗျူဟာရဲ့ အုတ်မြစ်ဖြစ်လာပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ရေတပ်နဲ့ ပါကစ္စတန်ရေတပ်တို့အကြား ပိုမိုချိတ်ဆက်မိစေပြီး တရုတ်နိုင်ငံအတွက် အာရေဘီယံပင်လယ်တစ်လျှောက်မှာ မဟာဗျူဟာမြောက် ခြေကုပ်စခန်းတစ်ခုကို သေချာပေါက်ရရှိစေခဲ့ပါတယ်။ တရုတ်မီဒီယာအချို့ကဆိုရင်တော့ အဲဒီတရုတ်-ပါကစ္စတန် ရေငုပ်သင်္ဘောစာချုပ်ဟာ အိန္ဒိယသမုဒ္ဒရာတစ်ခုလုံးကို လှုပ်ခါသွားစေလိမ့်မယ်လို့တောင် ရေးသားဖော်ပြခဲ့ကြပါတယ်။

**Ref: RT**

ထက်မြတ်

# မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့

သစ်တောမောင်

**အပူချိန်မြင့်မားလာမှု**

ယခုနှစ်ကုန်ပိုင်း (အောက်တိုဘာလမှ ဖေဖော်ဝါရီလ)တွင် အလွန်အားကောင်းသော စူပါအယ်လ်နီညိုအဆင့်ထိရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာက ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။ မြန်မာနိုင်ငံတွင် လက်ရှိနှစ်များအတွင်း အပူချိန်တိုးလာခြင်း၊ ပူပြင်းခြောက်သွေ့လာခြင်းနှင့် အယ်လ်နီညိုဖြစ်စဉ်များ၏ သက်ရောက်မှုများသည် ပိုမိုထင်ရှားလာလျက်ရှိသည်။ အထူးသဖြင့် ချောက်၊ မင်းဘူး၊ မြင်းမူ၊ ညောင်ဦးအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင် အပူချိန်မြင့်မားမှုဒဏ်ကို ပိုမိုခံစားကြရသည်။ အပူပိုင်းဒေသ ၁၃ ခရိုင်သည် မူလကပင် မိုးနည်းပြီး ခြောက်သွေ့သော ဒေသများဖြစ်သဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အယ်လ်နီညိုတို့ ပေါင်းစပ် သက်ရောက်လာပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်သည်။ ထို့ကြောင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကို ကာကွယ်နိုင်ရန် နည်းလမ်းစုံဖြင့် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။

**အနောက်တောင်မုတ်သုံလေ**

အနောက်တောင်မုတ်သုံလေသည် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ စိုထိုင်းသောလေထုများကို သယ်ဆောင်လာသော မိုးရာသီလေဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများတွင် မိုးရွာသွန်းမှု၏ အဓိကအရင်းအမြစ်ဖြစ်သည်။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ၏ နှစ်စဉ်မိုးရေချိန်အများစုကို သယ်ဆောင်လာပြီး နိုင်ငံတစ်ဝန်း မိုးများစွာရွာသွန်းစေသည်။ မြေသားကို စိုစွတ်စေကာ သစ်ပင်များရှင်သန်ကြီးထွားရန် အကောင်းဆုံးအခြေအနေကို ဖန်တီးပေးသည်။ ပတ်ဝန်းကျင်ကိုလည်း စိမ်းလန်းစိုပြည်စေသည်။ ယင်းမုတ်သုံလေသည် နှစ်စဉ် မေလခန့်မှစက်တင်ဘာလအထိ တိုက်ခတ်လေ့ရှိပြီး စိုက်ပျိုးရေး၊ သစ်တောနှင့် ရေသယံဇာတများအတွက်အလွန်အရေးပါသည်။

**သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးအချိန်**

အနောက်တောင်မုတ်သုံလေကြောင့် မိုးရွာသွန်းလာသောအခါ မြေဆီလွှာသည် စိုစွတ်ပျော့ပျောင်းလာပြီး သစ်ပင်ပျိုးပင်များ၏အမြစ်များ လွယ်ကူစွာထိုးဖောက်ကြီးထွားနိုင်သည်။ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက်စိုက်ပျိုးနိုင်ခြင်းကြောင့် မိုးရေမှသဘာဝအတိုင်းရေရရှိပြီး အစိုဓာတ်ရရှိသဖြင့် ပျိုးပင်၊ စိုက်ပင်များ ရှင်သန်နှုန်းလည်းမြင့်မားသည်။ ရေသွင်း၊ ရေလောင်းစရိတ်သက်သာခြင်း၊ မြေဆီလွှာတိုက်စားမှုလျော့နည်းခြင်း၊ သဘာဝအပူချိန်လျော့ကျစေခြင်း၊ အပင်ကြီးထွားနှုန်းကောင်းမွန်ခြင်း၊ အစိမ်းရောင်ဖုံးလွှမ်းမှုတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများရရှိသည်။ ထို့ကြောင့် မုတ်သုံရာသီကို **“သစ်ပင်စိုက်ပျိုးရေးရာသီ”** ဟု ခေါ်ကြသည်။

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု၊ အပူချိန်မြင့်တက်လာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှုနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာနေသည့် အချိန်တွင် သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်အတွက်အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်လာသည်။ မြန်မာ့ရိုးရာစကားပုံတစ်ခုတွင် **“မြေဆီစိုခိုက် သစ်ပင်စိုက်”** ဟု ဆိုရိုးရှိသည်။ မုတ်သုံမိုးရွာသွန်းချိန်သည်ကား မြေဆီလွှာများ ရေဓာတ်ပြည့်ဝပြီး အပင်ငယ်များ အမြစ်တွယ်ရန်၊ ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့် အသင့်လျော်ဆုံးအချိန်အခါသမယဖြစ်သည်။ မုတ်သုံမိုးနှင့်အတူ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝနှင့်ကိုက်ညီသည့် အကောင်းဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေစိမ်းလန်းစိုပြည်ရန်နှင့်သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရန် မုတ်သုံမိုးနှင့်အတူ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစ်ခဲနက် ဆောင်ရွက်ကြရမည့်အချိန်ပင်ဖြစ်သည်။



**သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ**


**ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်ပေးသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်သည်၊ သစ်တောများသည် သဘာဝကာဗွန်သိုလှောင်ကန်များဖြစ်ပြီး ရာသီဥတုမျှတ တည်ငြိမ်ရေးအတွက် အရေးပါသည်။ သစ်ပင်၊ သစ်တောများသည် ကမ္ဘာပေါ်ရှိ ကုန်းသတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ၊ ငှက်နှင့်အင်းဆက်ပိုးမွှားများအပါအဝင် မျိုးစိတ်ပေါင်း ၈၀ ရာခိုင်နှုန်းကျော်၏ မှီတင်းနေထိုင်ရာ အိမ်ဂေဟာဖြစ်သည်။ သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် မျိုးသုဉ်းလုနီးပါး သားငှက်တိရစ္ဆာန်များကို ကာကွယ်ပေးနိုင်သည်။

**ရေအရင်းအမြစ်ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်၊ သစ်တောများသည် မိုးရေကို ဖမ်းယူစုပ်ယူထားပြီး မြေအောက်ရေလွှာကို ပြန်လည်ဖြည့်တင်းပေးကာ မြစ်၊ ချောင်း၊ အိုင်၊ သောက်ရေတွင်းများသို့ တစ်နှစ်ပတ်လုံးရေကြည်ရေသန့် စီးဆင်းစေရန် ထိန်းညှိပေးသည်။ မိုးသည်းထန်စွာရွာသွန်းချိန်တွင် ရေစီးဆင်းမှုနှုန်းကို လျှော့ချပေးနိုင်သဖြင့် ရုတ်တရက်ရေကြီးခြင်းကို ကာကွယ်ပေးသကဲ့သို့ ခြောက်သွေ့ရာသီတွင်လည်း ရေငွေ့ပြန်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကိုစိုစွတ်စေပြီး မိုးခေါင်ရေရှားမှုကိုသက်သာစေသည်။ သစ်ပင်များ၏အမြစ်စနစ်သည် မြေဆီလွှာကို မြဲမြံစွာဆွဲကိုင်ထားပြီး မိုးရေကြောင့် မြေသားပြုန်းတီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ တောင်ပြိုခြင်းနှင့် မြစ်ချောင်းများ သဲနုန်းတင်ခြင်း၊ မြေဆီလွှာတိုက်စားမှုများကို တိုက်ရိုက်ကာကွယ်ပေးသည်။ ထို့ပြင် မြေအောက်ရေပြန်လည်ဖြည့်တင်းနိုင်ရန်လည်း အထောက်အကူပြုသည်။

**လူမှုစီးပွားဆိုင်ရာ အကျိုးကျေးဇူးများ။** ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်းပေါင်းများစွာသည် သစ်တောကဏ္ဍအပေါ်တွင် မှီခိုပြီး အသက်မွေးနေကြရသည်။ နေအိမ်ဆောက်လုပ်ရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက်လိုအပ်သော သစ်၊ ဝါး၊ ကြိမ်တို့အပြင် နေ့စဉ်ချက်ပြုတ်ရန် ထင်း၊ မီးသွေးနှင့် အဖိုးတန်သစ်တောထွက်ပစ္စည်းများကို ပံ့ပိုးပေးသည်။ သစ်တောများမှ ရိုးရာတိုင်းရင်းဆေးများအတွက် ဆေးဖက်ဝင်အပင်များ၊ သဘာဝမှို၊ မျှစ်၊ သစ်သီးဝလံများ၊ ငှက်သိုက်နှင့် ပျားရည်ကဲ့သို့သော အာဟာရဓာတ်ပြည့်ဝသည့်အစားအစာများကို ပံ့ပိုးပေးသည်။

**ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ။** သစ်ပင်များသည် လေထုထဲရှိ ဖုန်မှုန့်များ၊ မီးခိုးငွေ့များနှင့် နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်ကဲ့သို့သော အဆိပ်ငွေ့များကိုစုပ်ယူဖယ်ရှားပေးပြီး သန့်ရှင်းသော အောက်ဆီဂျင်ကိုထုတ်လုပ်ပေးသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုလျှော့ချပေးသည်။ သစ်ပင်များသည်အရိပ်ရစေခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ အပူချိန်လျှော့ချပေးခြင်းနှင့် မြို့ပြအလှတရားတိုးတက်စေသည်။

သစ်တောများနှင့် စိမ်းလန်းသော ပတ်ဝန်းကျင်သည်လူသားတို့၏စိတ်ဖိစီးမှု၊ သွေးတိုးရောဂါနှင့် စိုးရိမ်ပူပန်မှုများကို သိသိသာသာလျှော့ကျစေပြီး စိတ်ကြည်လင်လန်းဆန်းမှုကို ပေးစွမ်းနိုင်ကြောင်း ဆေးပညာအရ သက်သေပြထားသည်။ သစ်ပင်ကြီးများ ထူထူထပ်ထပ်ရှိသည့် နေရာများသည် သစ်ပင်မရှိသည့် မြို့ပြကွန်ကရစ်နေရာများထက် အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုအေးမြသည်။ အိမ်ခြံဝင်းအတွင်းနှင့်ကျေးရွာ၊ ရပ်ကွက်များတွင် သစ်ပင်များစိုက်ပျိုးထားခြင်းဖြင့် သက်ကြီးရွယ်အိုများ အပူဒဏ်ရှောင်ရှားနားခိုနိုင်ပြီး အေးမြသည့်လေကောင်းလေသန့်ကို ရရှိကာ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာပါ ဘေးကင်းလုံခြုံမှုကိုရရှိစေသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်ပြီး ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကိုရရှိခံစားနိုင်ကာ အသက်ရှည်ကျန်းမာကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်သည်။




**မြန်မာနိုင်ငံတစ်ဝန်းလုံး စိမ်းလန်းစေဖို့**

၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း (ဧရိယာဧက ၇၀ ဒသမ ၄၇ သန်း) ရှိသည်။ လက်ရှိနှင့်အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုမျှတကောင်းမွန်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများတိုးပွားလာစေရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိတိုးလာစေရန် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သဘာဝတောများကို စနစ်တကျစီမံအုပ်ချုပ်နေသကဲ့သို့ တောနိမ့်၊ တောကျဲပါးသောနေရာများတွင်လည်း သစ်တောစိုက်ခင်းအမျိုးမျိုးကို အရှိန်အဟုန်မြှင့်တင်တည်ထောင်စိုက်ပျိုးလျက်ရှိသည်။

သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီအတွင်း သစ်တောစိုက်ခင်းမျိုးစုံ ဧရိယာဧက ၃၀၃၃၉ ဧက၊ အပင်ပေါင်း ၂၁ ဒသမ ၃၆ သန်းကို လျာထားစိုက်ပျိုးလျက်ရှိသည်။ အပူပိုင်းဒေသ ၁၃ ခရိုင်နှင့် နွေရာသီတွင် အပူချိန်မြင့်မားခဲ့သည့် မြို့နယ်များအပါအဝင် သစ်ပင်များစိုက်ပျိုးရန် အထူးလိုအပ်လျက်ရှိသော မြို့နယ်များ၊ နေရာဒေသများတွင် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းနှင့် နိုင်ငံတော်ပိုင် သစ်တောစိုက်ခင်း ဧရိယာဧက ၁၇၇၃၉ ဧက၊ အပင်ပေါင်း ၉ ဒသမ ၇၄ သန်း လျာထားစိုက်ပျိုးလျက်ရှိသည်။ အာဆီယံလမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီး၊ အမြန်လမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ရထားလမ်းဘေးဝဲယာတို့တွင်လည်း အရိပ်ရပြီး စိမ်းလန်းစိုပြည်စေရန် အပင်ပေါင်း ၄၀၃၃၄၈ ပင် လျာထားစိုက်ပျိုးလျက်ရှိသည်။ **စာမျက်နှာ ၂၆ သို့** ■

■ စာမျက်နှာ ၂၅ မှအဆက်

သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ သစ်တော သစ်ပင်ထိန်းသိမ်းရေးအသိစိတ်ဓာတ်များ ပိုမိုမြင့်မားလာစေရေးနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက် ကျန်းမာကြံ့ခိုင်သည့် ၂ နှစ်သား၊ အမြင့် ၂ ပေအထက် ပျိုးပင်များကိုအခမဲ့ဖြန့်ဖြူးပေးလျက်ရှိရာ ယခုနှစ်တွင် ပျိုးပင် ၇ ဒသမ ၈၁ သန်းကျော် လျာထားဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ၃၀၆ ကြိမ်၊ ပျိုးပင်ပေါင်း ၂၅၁၃၄၀ ပင် လျာထားစိုက်ပျိုးလျက်ရှိသည်။

**ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု၊ အပူချိန်မြင့်တက်လာမှု၊ ရေရှားပါးမှု၊ မြေဆီလွှာပျက်စီးမှုနှင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာနေသည့် အချိန်တွင် သစ်ပင်စိုက်ပျိုးခြင်းသည် အနာဂတ်အတွက်အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်လာသည်။ မြန်မာ့ရိုးရာစကားပုံတစ်ခုတွင် "မြေဆီစိုခိုက် သစ်ပင်စိုက်" ဟု ဆိုရိုးရှိသည်။ မုတ်သုံမိုးရွာသွန်းချိန်သည်ကား မြေဆီလွှာများ ရေဓာတ်ပြည့်ဝပြီး အပင်ငယ်များ အမြစ်တွယ်ရန်၊ ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့်အသင့်လျော်ဆုံးအချိန်အခါသမယဖြစ်. . .**

### ပြည်သူလူထုပူးပေါင်းပါဝင်ခြင်း

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်အတွက်သာမက ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားနှင့် လူသားတို့၏အနာဂတ်ကိုကာကွယ်ခြင်းလည်းဖြစ်သည်။ သစ်တောများသည် ပြည်သူလူထု၏ နေ့စဉ်ဘဝ၊ အသက်မွေးဝမ်းကျောင်းမှု၊ ရေနှင့် စားရေရိက္ခာဖူလုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးအချက်တစ်ရပ်ဖြစ်သည်။ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီမှ စတင်ပြီး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် အောက်ပါအတိုင်းပူးပေါင်းပါဝင်နိုင်သည်-

**ကျောင်းသား၊ ကျောင်းသူများ သစ်ပင်စိုက်ပျိုးခြင်း။** ကျောင်းဖွင့်ရာသီ မုတ်သုံမိုးဦးကာလတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၌ "သစ်ပင်စိုက်ပျိုးပွဲများ" ကျင်းပကာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့စိုက်ပျိုးသောအပင်ကို မိမိတို့ကိုယ်တိုင် ရှင်သန်အောင်ပြုစုပျိုးထောင်သည့် အလေ့အထကောင်းများမွေးမြူခြင်း၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး အရိပ်ရအပင်များ၊ စားပင်သီးပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်နိုင်သည်။

**မိသားစုအလိုက်သစ်ပင်စိုက်ပျိုးခြင်း။** မိမိတို့၏ မွေးနေ့အထိမ်းအမှတ်၊ မင်္ဂလာအထိမ်းအမှတ်၊ သားသမီးရတနာထွန်းကားသည့်အထိမ်းအမှတ် စသည်ဖြင့် အထိမ်းအမှတ်နေ့များတွင် သစ်ပင်များစိုက်ပျိုးခြင်းကိုဆောင်ရွက်နိုင်သည်။ ထို့ပြင် အိမ်ထောင်စုအလိုက် မိမိတို့၏ အိမ်၊ ခြံဝင်းနှင့် လယ်ယာကန်သင်းများတွင် စားပင်၊ သီးပင်၊ အရိပ်ရအပင်များ၊ လေကာတန်းပင်များ၊ တစ်အုပ်တစ်မစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းဆောင်ရွက်နိုင်သည်။

**ကျေးရွာလူထုဖြင့်သစ်ပင်စိုက်ပျိုးခြင်း။** ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်း၊ ကျေးရွာလမ်း၊ ကျေးရွာချင်းဆက်နှင့် ခရိုင်ချင်းဆက်လမ်းဘေးဝဲယာများတွင် အရိပ်ရအမြဲစိမ်းသစ်ပင်များစိုက်ပျိုးခြင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးခန်း၊ ကျေးရွာပိုင်မြေကွက်လပ်များတွင်အရိပ်ရအပင်များစိုက်ပျိုးခြင်း၊ ကျေးရွာအနီး သစ်တောကျဲပါးသော တောင်ကုန်း၊ တောင်ထိပ်များတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ စမ်းချောင်းများ၊ ရေကန်များပတ်လည်နှင့် သဘာဝရေထွက်များတွင် ရေဝေရေလဲထိန်းသိမ်းရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်းတို့ ဆောင်ရွက်နိုင်သည်။

**မြို့ပြသစ်တောများတည်ထောင်ခြင်း။** ရပ်ကွက်၊ မြို့ပြလမ်းဘေးဝဲယာများတွင် အရိပ်ရအမြဲစိမ်းသစ်ပင်များ၊ သင်းရနံ့မွှေးပျံ့သောအပင်များ၊ ရာသီအလိုက် ရောင်စုံဖူးပွင့်သောအပင်များစိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများနှင့် ဥယျာဉ်ငယ်များ၊ ပန်းခြံများ၊ အစိမ်းရောင်လွင်ပြင်များ ဖန်တီးတည်ထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**လူမှုရေးအသင်းအဖွဲ့များနှင့်ကုမ္ပဏီများ၏လူမှုအကျိုးပြုလုပ်ငန်းများ။** ပရဟိတအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကုမ္ပဏီများက မိမိတို့၏လူမှုအကျိုးပြုလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် သစ်ပင်စိုက်ပျိုးပွဲများ စုပေါင်းဆင်နွှဲခြင်း၊ ဂေဟစနစ်ပြန်လည်တည်ထောင်ရေးစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**အသိပညာပေးရေးလှုပ်ရှားမှုများ။** လူငယ်များအနေဖြင့်လည်း သဘာဝထိန်းသိမ်းရေးတွင် အရေးပါသော အင်အားစုများဖြစ်ကြသဖြင့် သစ်ပင်စိုက်ပျိုးရေး ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သကဲ့သို့ ဆိုရှယ်မီဒီယာများမှတစ်ဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးရေးအသိပညာပေးရေးလှုပ်ရှားမှုများ၊ အစိမ်းရောင်လှုပ်ရှားမှုများအဖြစ် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးဆောင်ရွက်နိုင်သည်။

### မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက် သစ်ပင်စိုက်ကြစို့

မိုးရာသီသစ်ပင်များစိုက်ပျိုးရာတွင် **"တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး"** အတွက် စိုက်ပျိုးသည့် ရည်ရွယ်ချက်၊ စိုက်ပျိုးမည့်နေရာဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော ဒေသမျိုးရင်းသစ်မျိုးများကို အလေးထားရွေးချယ်ပြီး နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရမည်ဖြစ်သည်။ ဥပမာ ပူပြင်းခြောက်သွေ့မှုဒဏ်ခံနိုင်သော သစ်မျိုးများ၊ ကြီးမြန်အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ကောင်းစွာပေးစွမ်းနိုင်သည့် အမြဲစိမ်းသစ်မျိုးများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရည်ရှိသော အပင်မျိုးများ၊ မြေဆီလွှာထိန်းသိမ်းနိုင်သည့်သစ်မျိုးများ၊ ရေရှည်တွင် မြို့ပြဖွံ့ဖြိုးမှုကို ထိခိုက်မှုမရှိစေနိုင်သည့် သစ်မျိုးများ၊ ရတနာတန်းဝင် အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက်ဖူးပွင့်သောသစ်မျိုးများ၊ မျက်စိပသာဒဖြစ်စေမည့် သစ်မျိုးများ စသည်ဖြင့် စနစ်တကျရွေးချယ်ကာ စိုက်ပျိုးကြရသည်။

စိုက်ပျိုးမည့်မြေနေရာကို စနစ်တကျမြေပြုပြင်ဆောင်ရွက်မှု၊ မြေအစိုဓာတ်လုံလောက်စွာရရှိမှု၊ စိုက်ပျိုးနည်းစနစ်မှန်ကန်မှုတို့သည် အဓိကကျသည်။ ထို့ပြင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပျိုးထောင်မှု၊ ပျိုးပင်များ ကြံ့ခိုင်သန်စွမ်းမှု၊ နေရာဒေသအပေါ်မူတည်၍ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှု၊ မြေဆီအာဟာရပြည့်ဝစေရန်အတွက် လိုအပ်သည့် သွင်းအားစုများထည့်သွင်းမှုတို့ကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း ရာသီအလိုက်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ မြေစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲနွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိစေရန် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များကောင်းမွန်စွာ ရှင်သန်မည်ဖြစ်သည်။ မကြာမီ မြန်မာနိုင်ငံတစ်ဝန်းလုံး အနောက်တောင်မုတ်သုံလေနှင့်အတူ မုတ်သုံမိုးတို့ ဖြိုင်ဖြိုင်ရွာသွန်းတော့မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ဖို့ **"မုတ်သုံမိုးနှင့်အတူ မြေဆီစိုခိုက်သစ်ပင်စိုက်ကြစို့"** ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

## ဆိပ်ဖြူမြို့နယ်၌ သဘာဝမြေသြဇာပြုလုပ်နည်း တောင်သူပညာပေးလုပ်ငန်းဆောင်ရွက်

ဆိပ်ဖြူ ဇွန် ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်ဖြင့် ကိုင်းစိုက်ပျိုးတောင်သူများအား သဘာဝမြေသြဇာပြုလုပ်နည်း ပညာပေးလုပ်ငန်းကို ဇွန်လ ၅ ရက် နံနက်ပိုင်းတွင် ကိုင်းပျိုးမြေရွာသစ်စိုက်ကွင်း၌ ပြုလုပ်သည်။

တောင်သူပညာပေးလုပ်ငန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများတွင် သဘာဝမြေသြဇာများ ကိုယ်တိုင်ပြုလုပ်သုံးစွဲခြင်းဖြင့် စိုက်ပျိုးစရိတ်သက်သာစေရန်ဆောင်ရွက်နိုင်စေရေး၊ သီးနှံအထွက်နှုန်းမြင့်မားရေးနှင့် ဓာတုမြေသြဇာများလျှော့ချသုံးစွဲခြင်းဖြင့် စိုက်ပျိုးမြေတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဇော်မင်းနိုင်က သွင်းအားစု သဘာဝမြေသြဇာပြုလုပ်ခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လယ်ယာစွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်ဆွေးများနှင့် နွားချေး၊ ဖွဲနုနှမ်းဖတ်များကိုအသုံးပြု၍ အီးအမ်ဖျော်ရည်ရောစပ်ကာ သဘာဝမြေသြဇာပြုလုပ်ပုံတို့ကို လက်တွေ့ပြုလုပ်ပြသပေးသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား မြေသြဇာသုံးစွဲရမည့်အချိန်နှင့် စိုက်ကေများထည့်သွင်းအသုံးပြုရမည့် ပမာဏအချိုးအစားများကို ရှင်းလင်းပြောကြားကြောင်းသိရသည်။ **ကိုဇွဲ(အညာမြေ)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပ ကြည်နူးရ၏။**

### မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## မလေးတို့ မောင်

❦ သပြေသီးချိန်၊ ရေကြီးချိန်၌
မီးအိမ်မှုန်မှေး၊ တပေါးပေါးနှင့်
ကလေးတစ်သိုက်၊ ရွာစရိုက်လျှင်
ဖားရိုက် ငါးရှာ၊ ပျော်စရာမို့
ရွာပြန်လာခဲ့ချင်ပါသည်။

❦ မန်ကျည်းနုချိန်၊ ကျီးဥချိန်၌
အိမ်စေ့ ရွာကုန်၊ ဝိုင်းစုအုံ၍
ယုန်ထောင်ကြရင်း၊ ချိုးတယ်ရင်းလျှင်
ဟင်းစားဖွေရှာ၊ ပျော်စရာမို့
ရွာပြန်လာခဲ့ချင်ပါသည်။

❦ မြောက်လေသွေးချိန်၊ နှင်းဖွေးချိန်၌
ဝင်းထိန်ပျံ့သင်း၊ စပါးခင်းဝယ်
တေးချင်း ဖွဲ့သီ၊ လုပ်အားညီ၍
အိုးစည် ချိုမြ၊ ကြားနာရသော်
ကကာ ခုန်ကာ၊ ပျော်စရာမို့
ရွာပြန်လာခဲ့ချင်ပါသည်။

❦ မောင်ကြီး မလေး၊ တို့မလေးငဲ့
မလေးတို့ မောင်၊ ပြည်ချစ် မောင်လျှင်
တောင်ကိုကျော်ဖြတ်၊ တောကိုပတ်၍
မရပ်မနား၊ လှည့်လည်သွားသည့်
ယောကျာ်းဇာနည်၊ အောင်စစ်သည်မို့
ကြည်လင်ချိုအေး၊ ပန်းစုံမွှေးသည့်
မလေးတို့ရွာ၊ မောင်တို့ရွာသို့
မလာနိုင်သေး၊ ပြန်ရက်ဝေးလည်း
မလေး မငြိုငြင်ပါနှင့်။

❦ အလှဝေစည်၊ မောင်တို့ပြည်၏
ကြည်လင်ပြိုးပြက်၊ အလှဖျက်မည့်
မျိုးဖျက်ရန်စွယ်၊ အသွယ်သွယ်ကို
ဖယ်ရှားသုတ်သင်၊ အောင်ပွဲဆင်၍
ကြည်ရွှင်နှလုံး၊ အချိုဆုံးလျှင်
ပြုံးပန်းဝေဝေ၊ ပြန်ခဲ့လေမှ
သပြေညိုအေး၊ ရေချိုမွှေးနှင့်
မလေး ငယ်ကျွမ်း၊ ဆီးကြိုကမ်းဖို့
မှာတမ်း သီဖွဲ့လိုပါသည်။ ။

**မြင်းမူမောင်နိုင်မိုး**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၃၉ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော်  ဇွန် ၆

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့်လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ ၅၇ လုံးအနက်၃ ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၃၉ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်းလုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု










# အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်နေသူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ Grade- 11 ကျောင်းသားတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိ



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် စာသင်ကျောင်းအတွင်း လူမှုဝန်ထမ်းပြုလုပ်နေသည့် Grade-11 ကျောင်းသားတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

နေပြည်တော်  ဇွန် ၆

PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံကိုအသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျော)၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် လူမှုဝန်ထမ်းပြုလုပ်နေသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား အဆိုပါကျောင်း၏ အရှေ့တောင်ဘက် မီတာ ၂၂၀ ခန့် အကွာရှိ ရထားသံလမ်းလမ်းဆုံမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စာသင်ကျောင်းအတွင်း လူမှုဝန်ထမ်းပြုလုပ်နေသည့် Grade-11 ကျောင်းသားတစ်ဦးတွင် ညာရင်ဘတ်မှကျောဘက်သို့ ကျည်ဖောက်ဝင်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ လက်နက်ငယ်ကျည်ထိမှန်၍ ဒဏ်ရာရရှိသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်ရင်းဆေးခန်း၌ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့်သက်ဆိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ စာသင်ကျောင်းများအား တိုက်ခိုက်ဖျက်ဆီးပြီး ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများအပေါ် အကြမ်းဖက်လုပ်ရပ်များကို အသိတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# PFA တစ်နှစ်တာအကောင်းဆုံးဆုများအတွက် နောက်ဆုံးဆန်ခါတင်ကစားသမား စာရင်းများ ထုတ်ပြန်




လန်ဒန် ဇွန် ၆

ပရော်ဖက်ရှင်နယ် ဘောလုံးအဖွဲ့ချုပ်(PFA)က ပြီးခဲ့သည့်ဘောလုံးရာသီ၏ PFA တစ်နှစ်တာ အကောင်းဆုံးဆုများအတွက် နောက်ဆုံးဆန်ခါတင် ကစားသမားစာရင်းများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

PFA တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ကလပ်အသင်းသုံးသင်းမှ ကစားသမားများသာပါဝင်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့် အာဆင်နယ်အသင်းမှ ဂိုးသမား ရိုင်ယာ၊ ခံစစ်ကစားသမား ဂါဘရီရယ်နှင့် ကွင်းလယ်ကစားသမား ဒီကလန်ရိုဒ်၊ မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ဖာနန်ဒက်၊ မန်စီးတီးအသင်းမှ တိုက်စစ်ကစားသမားများဖြစ်သည့် ချက်ကီနှင့် ဟာလန်းတို့ပါဝင်လာခဲ့သည်။

PFA တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုရရှိရန် ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သည့် ကစားသမားများမှ မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး FWA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိထားသည့် ဖာနန်ဒက်က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိသည်။

အလားတူ PFA တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အက်စ်တွန်ဗီလာအသင်းမှ ဟန်ဆန်၊ အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့် မန်စီးတီးအသင်းမှ ဟာစီဂါဝါနှင့် ဟာဒီဂျာရှော်၊ ချယ်လ်ဆီးအသင်းမှ ယူယန်ဂျိမ်း၊ မန်ယူအသင်းမှ ဂျီးပက်၊ အာဆင်နယ်အသင်းမှ ရူဆိုတို့ပါဝင်လာခဲ့သည်။

PFA တစ်နှစ်တာအကောင်းဆုံး လူငယ်အမျိုးသားကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ နီကိုရိုင်အိုလီ၊ ဘုန်းမောက်အသင်းမှ ကာရိုပီ၊ အာဆင်နယ်အသင်းမှ မက်ဒေါ်မန်း၊ မန်ယူအသင်းမှ ကိုဘီမိုင်နူးနှင့် အန်ဂူမိုဟာတို့ပါဝင်လာခဲ့သည်။

PFA တစ်နှစ်တာအကောင်းဆုံး လူငယ်အမျိုးသမီးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဘိုဝင်၊ ချယ်လ်ဆီးအသင်းမှ ဘူအာမန်းနှင့် သွမ်ဆန်၊ လန်ဒန်စီးတီးအသင်းမှ ဂေါ့ဖရီရီ၊ စပါးအသင်းမှ တိုကိုကာဂါ၊ အာဆင်နယ်အသင်းမှ အိုလီဗီယားစမစ်တို့ပါဝင်လာခဲ့ကြောင်း သိရသည်။

*Ref;Sky Sports*

# ဂျာမနီအသင်းမှ ခါရယ် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိနေ

ဘာလင် ဇွန် ၆

ဂျာမနီအသင်း လူငယ်တိုက်စစ်ကစားသမား ခါရယ်သည် လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိသည့် ခြေထောက်ဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

ခါရယ်သည်ပြီးခဲ့သည့်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် နည်းပြနာဂယ်စမန်း၏ ဂျာမနီအသင်းကစားသမားစာရင်းတွင်ပါဝင်လာသော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင်ရရှိသည့် ခြေထောက်ဒဏ်ရာကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဂျာမနီအသင်းနည်းပြ နာဂယ်စမန်းက " ခါရယ်အနေနဲ့ ဒဏ်ရာကြောင့် ဘယ်လောက်အနားယူရမယ်ဆိုတာကို မသိရသေးပါဘူး။ သူ့ဒဏ်ရာနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဆေးစစ်မှုတွေ လုပ်ဆောင်သွားရမှာပါ။ သူ့အနေနဲ့ ကစားသမားစာရင်းက နုတ်ထွက်မယ်ဆိုရင် ကစားသမားအစားထိုးခေါ်ယူဖို့ စောင့်ကြည့်ရမှာပါ"ဟု ပြောကြားသည်။

ခါရယ်အနေဖြင့် ဒဏ်ရာကြောင့် လနှင့်ချီပြီးအနားယူရမည်ဆိုပါက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

*Ref;TNT Football*

# လီဗာပူးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမားဆိုဘော့ဆလိုင် ဆွတ်ခူးရရှိ



လန်ဒန် ဇွန် ၆

ပြီးခဲ့သည့်ဘောလုံးရာသီအတွက် လီဗာပူးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဆိုဘော့ဆလိုင်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း အာနီဆလော့လက်အောက်၌ ရလဒ်များဆိုးရွားခဲ့ပြီး ချန်ပီယံဆုဖလားလက်လွှတ်ရသော်လည်း ဆိုဘော့ဆလိုင်အနေဖြင့် အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ပြီးနောက် အသင်း၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုဘော့ဆဆိုင်သည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတိုက်စစ်ပိုင်းအထိ လိုက်ပါပြီး အကောင်းဆုံးကစားနိုင်ကာ အလွတ်တည်ကန်ဘောမှတစ်ဆင့် လီဗာပူးအသင်းအတွက် အရေးပါသည့်သွင်းဂိုးများကို သွင်းယူနိုင်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၃ ပွဲပါဝင်ကစားရာ ၁၃ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၂ ကြိမ်ပြုလုပ်နိုင်ပြီးနောက် အသင်း၏တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဆိုဘော့ဆလိုင်အား လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စပိန်ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းကခေါ်ယူရန် စီစဉ်နေပြီး ဆိုဘော့ဆလိုင်ကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အိုလီဆီအား ယူရို သန်း ၂၀၀ ပေးပြီး ကမ်းလှမ်းလာပါက ရောင်းချမည်မဟုတ်ဘဲ ပယ်ချသွားမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌပြောကြား

ဘာလင် ဇွန် ၆

ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ဟိုးနက်က အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် အိုလီဆီအား ပြောင်းရွှေ့ကြေးယူရို သန်း ၂၀၀ ပေးပြီး ကမ်းလှမ်းလာပါက ရောင်းချမည်မဟုတ်ဘဲ ပယ်ချသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၄ နှစ်အရွယ် အိုလီဆီသည် ၂၀၂၄ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုဆွတ်ခူးနိုင်ခဲ့သည်။ အိုလီဆီသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ၂၅ ဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှု ၂၈ ကြိမ် ပြုလုပ်နိုင်ပြီး ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သည့် အိုလီဆီအား လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စပိန်ထိပ်သီး ရီးယဲလ်မက်ဒရစ်အသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၁၅၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် ဟိုးနက်က အိုလီဆီ၏အပြောင်းအရွှေ့သတင်းများနှင့်ပတ်သက်ပြီး တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟိုးနက်က "အိုလီဆီက ကျွန်တော်တို့အတွက် ရောင်းချဖို့ကစားသမားမဟုတ်ပါဘူး။ သူ့ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ နဲ့ ကမ်းလှမ်းလာမယ်ဆိုရင်တောင် ရောင်းချသွားမှာမဟုတ်ပါဘူး။ ဈေးကွက်ထဲမှာ သူ့အတွက် ကမ်းလှမ်းမှုမှန်သမျှကို ကျွန်တော်တို့ ပယ်ချသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကယားပြည်နယ်၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



လွိုင်ကော် ဇွန် ၆

ကယားပြည်နယ်၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ် ကျောင်းဝင်းအတွင်း၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ တက်ရောက်လာသူများထံ ပျိုးပင်များ ဖြန့်ဝေပေးပြီး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ အထိမ်းအမှတ်ပျိုးပင်များကို စိုက်ပျိုးပေးကာ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့အခမ်းအနားတွင် ကျွန်းနှင့် ကံ့ကော်အပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုနှစ်အတွက် ပျိုးပင်ပေါင်း ၅၀၀၀၀ ပျိုးထောင်ထားရှိကာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူလူထုသို့ဖြန့်ဝေသွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် နောင်ယား (က)ရပ်ကွက်ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှစိုက်ပျိုးထားသည့် စံပြစိုက်ခင်း၊ စိုက်ပျိုးရေးခြံအတွင်း စားဖိုဆောင်သီးနှံများ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဥသာတိုင်းသား

# သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့်တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



တရားခံ သက်ကိုဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဇွန် ၆

**သာစည်မြို့နယ်နှင့် တောင်ကြီးမြို့တို့တွင် ငွေကျပ်သိန်း ၁၄၀၀ တန်ဖိုးနှင့်တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၄ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှရန်ကုန်သို့မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်နေ သက်ကိုဝင်း (၃၆)နှစ်၏ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၃၅၀)၊ မြန်မာငွေကျပ် ၃၀၀၀၀ တို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန်လ ၅ ရက် နံနက် ၄ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ပို့ဆောင်ခိုင်းသူ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၇)နေ စိုင်းညွန့်(ခ)မင်းညွန့်(၃၁)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၅)နေ အောင်ကိုကို(ခ)သားငယ်(၄၁)နှစ်တို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀)နှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်ကိုဝင်း၊ စိုင်းညွန့်(ခ) မင်းညွန့်နှင့် အောင်ကိုကို(ခ) သားငယ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ ဇွန်လ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ပါဘီး(၃)ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာနေ လော်ပီး(၃၃)နှစ် မောင်းနှင်လာသော WAVE I 110 အမျိုးအစား ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀)အား ဖမ်းဆီးရမိသဖြင့် လော်ပီးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

မြဝတီ

# ဘားအံမြို့၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများက (အခွန်လွတ်)တောင်သူ လယ်သမားဈေးဖွင့်လှစ်ရောင်းချ




ဘားအံ ဇွန် ၆

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်ကုန်များကို သက်သာသောနှုန်းထားဖြင့် စားသုံးသူလက်ဝယ်တိုက်ရိုက်ရောက်ရှိစေရေးအတွက် လစဉ်ပထမအပတ်၏ စနေနေ့တိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက (အခွန်လွတ်) တောင်သူလယ်သမားဈေး ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာသို့ ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဈေးတွင် ဒေသခံစိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ မွေးမြူရေးထုတ်ကုန်အရောင်းဆိုင်ခန်းများ၊ စားဖိုဆောင်သီးနှံအရောင်းဆိုင်ခန်းများ၊ ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းတို့၏ ဆန်၊ စားသုံးဆီအရောင်းဆိုင်ခန်းများ စုစုပေါင်း ဆိုင်ခန်းပေါင်း ၄၀ ကျော်ဖြင့် စားသုံးသူပြည်သူများထံ တိုက်ရိုက်ရောင်းချခြင်းဖြစ်သည်။

ထို့နောက် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု၊ တောင်နားကျေးရွာရှိ ပီတိကရင်ရိုးရာအထည် ရက်လုပ်ရောင်းချသည့် လုပ်ငန်းကိုလည်းကောင်း၊ အိန္ဒူကျေးရွာ ပအိုဝ်းစုအထက်ပိုင်းရှိ သစ်လွင်ရက်ကန်းကုန်ထုတ်သမဝါယမအသင်း လီမိတက်မှ ရက်ကန်းလုပ်ငန်းရှင် ဦးခွန်စိန်သန်း၏ ရက်ကန်းစင်များကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသောCRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Kyin Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၁ လမ်းနေ ကျင်စိုး(၆၈)နှစ်အား ည ၇ နာရီ ၅၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
နေပြည်တော် -အမှတ်(၃) ကျိုင်းတုံလမ်း နှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇
We Protect The Family

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံနှင့်တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူမြို့ရှိပြည်သူ့ဆေးရုံနှင့် တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တောင်ငူမြို့၊ အထွေထွေပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ စောသူရကြည်ဖေနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး မျက်စိလူနာဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာဆောင်တို့၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ပြည်သူများအား တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ စာမျက်နှာ ၅ ကော်လံ ၁ ➤



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ဆေးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဇွန် ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတစ်ဝိုက်၌ စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန်လ ၅ ရက် မွန်းလွဲပိုင်းတွင် စာမျက်နှာ ၁၂ ကော်လံ ၃ ➜

## AYA Tri –Nation Cup 2026 လက်ရွေးစင်အမျိုးသမီး ဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၆

AYA Tri–Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီး ဘောလုံးအသင်းတို့ ဇွန်လ ၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်ကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။

မြဝတီ


နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ် စာ – ၇ သို့

ဖိလစ်ပိုင် သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဂူအမ်ကို ဂိုးပြတ်အနိုင်ရ စာ – ၁၀ သို့


နိုင်ငံတကာသတင်း


အာဖရိကအလယ်ပိုင်း အီဘိုလာ ကူးစက်မှုအတည်ပြုလူနာ ၅၀၀ နီးပါး ရှိလာ စာ – ၂၃ သို့

လာအိုနိုင်ငံ၌ ဂူအတွင်းပိတ်မိနေသူ နောက်ဆုံး နှစ်ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်မှုရပ်ဆိုင်း စာ – ၂၃ သို့